# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၁) ရက် ၊ အင်္ဂါနေ့ ၊ (13-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၂**

အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၃ ခုနှစ် ဇွန် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံစားနပ်ရိက္ခာအတွက် အင်တိုက်အားတိုက်ဆောင်ရွက်

မိမိတို့နိုင်ငံသည် ခန့်မှန်းလူဦးရေ ၅၅ သန်းကျော်နေထိုင်လျက်ရှိပြီး ထိုလူဦးရေအားလုံး နေ့စဉ်စားသုံးရန် စားနပ်ရိက္ခာလိုအပ်ချက်ရှိကာ အဆိုပါစားနပ်ရိက္ခာကို ပြည့်မီအောင်ထုတ်လုပ်နိုင်ရန်အတွက် ဒေသတွင်းစိုက်ပျိုးမွေးမြူထုတ်လုပ်မှုများမှ ဖြည့်ဆည်းပေးလျက်ရှိသည်ကိုတွေ့နိုင်သည်။ ဒေသတွင်းထုတ်လုပ်မှုမှ ပိုလျှံသောစားနပ်ရိက္ခာများကို အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ခြင်းနည်းပါးသော၊ ထုတ်လုပ်နိုင်ခြင်းမရှိသော ဒေသများသို့ ဖြန့်ဝေခြင်းဖြင့် စားနပ်ရိက္ခာဖြည့်တင်းမှုကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

လက်ရှိတွင် သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသော ကြက်ဥ၊ ဘဲဥများကို သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ သက်သာသောနှုန်းထားများဖြင့် သွားရောက်ရောင်းချပေးလျက်ရှိသည်ကို တွေ့ရသည်။ ထိုနည်းတူစွာပင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့အပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ရန်ကုန်တိုင်းဒေသကြီးသို့ အသား၊ ငါးနှင့် ဥများ တင်ပို့ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။

ထိုသို့ အခြားဒေသမှ လာရောက်ရောင်းချခြင်းဖြင့် စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်သည်မှာမှန်သော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်အပြင် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကြောင့် စားသောက်ကုန်များကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူစားသုံးကြရသည်ကိုလည်း တွေ့ရပေသည်။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများကြွယ်ဝရေးကို အလေးပေးဆောင်ရွက်လျက်ရှိပြီး အခြားတစ်ဖက်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများအနေဖြင့် စီးပွားရေးပိတ်ဆို့ခြင်း၊ ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်အောင်ဆောင်ရွက်ခြင်း၊ ငွေကြေးလည်ပတ်မှုအခက်အခဲဖြစ်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် အကျပ်အတည်းအခက်အခဲများဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရပေသည်။ သို့ရာတွင် မဆုတ်မနစ်သော အားထုတ်ဆောင်ရွက်မှုများကြောင့် အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

ပြည်တွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ရည်မှန်းချက်ပြည့်မီရန်အတွက် ဆောင်ရွက်ကြရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဧရိယာများတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်သည်။ စိုက်ပျိုးမြေများကို အကျိုးရှိစွာ အသုံးချရန်လိုအပ်သလို အပြည့်အဝအသုံးချရန်လည်း လိုအပ်ပေသည်။ ထို့ပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အစာများနှင့် မြေဩဇာများကို ဒေသတွင်းမှထွက်ရှိသည့်ကုန်ကြမ်းဖြင့် ထုတ်လုပ်ရန်လည်း လိုအပ်သည်။ ထိုသို့ဆောင်ရွက်ပါက ဒေသတွင်းအစာဈေးနှုန်းကျဆင်းလာမည်ဖြစ်ပြီး စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် ဝယ်ယူစားသုံးမှုကို အကျိုးပြုမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မိမိတို့ဒေသအလိုက် ဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေများ၊ တောင်ယာများနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ၊ ငါးကန်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးမြေများကို အထွက်နှုန်းကောင်းအောင် မျှော်မှန်းထားရှိကာ အင်တိုက်အားတိုက်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့နိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၅ သန်းကျော်အတွက် နေ့စဉ်လိုအပ်လျက်ရှိသော စားနပ်ရိက္ခာများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးသီးနှံစိုက်တောင်သူ ၇၁၃၆ ဦးကို စိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၄၄၀၀ ကျော် ထုတ်ချေးပေးထား



**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးသည့် တောင်သူ ၇၁၃၆ ဦးကို မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၄၄၀၀ ကျော် ထုတ်ချေးပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၉ ဒသမ ၉၆ ဘီလီယံကို ယခုနှစ် မေလ တတိယပတ်မှစ၍ မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများကို ထုတ်ချေးပေးလျက်ရှိရာ လက်ရှိအချိန်ထိ မြို့နယ် ၂၃ မြို့နယ်ရှိ ကျေးရွာ ၁၂၅ ရွာ၊ တောင်သူ ၇၁၃၆ ဦး၊ ဧကပေါင်း ၃၉၇၀၀ ကျော်အတွက် ချေးငွေကျပ် သန်း ၄၄၀၀ ကျော်ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

“မိုးချေးငွေက မြို့နယ် ၂၃ မြို့နယ်ကို ချေးပေးသွားမှာပါ။ မေလ တတိယပတ်ကနေစတင်ချေးပေးနေပြီးတော့ စက်တင်ဘာလကုန်ထိ ချေးပေးမှာပါ။ မြို့နယ် ၂၃ မြို့နယ်ထဲက တောင်သူအားလုံးကို ချေးပေးမှာပါ။ စပါးနဲ့ အခြားသီးနှံဧက ၃၉၇၀၀ ကျော်ကို ချေးပြီးပါပြီ။ အတိုးနှုန်းသက်သာစွာနဲ့ ဘဏ်ကချေးပေးပါတယ်။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်နှစ်ကို ငါးရာခိုင်နှုန်းနဲ့ ချေးတာပါ။ မိုးသီးနှံစိုက်ပျိုးတဲ့ တောင်သူတွေကို အဓိကချေးပေးတာပါ။ တောင်သူတွေစိုက်ပျိုးချိန်မှာ အဆင်ပြေစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးနေတာပါ။ နှစ်စဉ် ချေးငွေကို မိုး၊ ဆောင်းနဲ့ မိုးကြိုဆိုပြီး ထုတ်ချေးပေးပါတယ်။ ထုတ်ချေးပေးဖို့ကျန်တဲ့မြို့နယ်တွေကိုလဲ ဆက်လက်ချေးပေးသွားမှာပါ”ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးသည့် မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ ပုသိမ်ကြီး၊ မြင်ခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း၊ စိုက်ပျိုးစရိတ် ချေးပေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှင့် မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲပုပ်၊ ပဲလွန်း၊ ပြောင်း စသည့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်ချေးပေးကြောင်း သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဒေသစုံမှဝင်ရောက်လာသည့် ခါကြက်ဥများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ဒေသစုံမှ ဝင်ရောက်လာသည့် ခါကြက်ဥများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ ပြည်တွင်းရှိ နယ်စုံဒေသမှ ဝင်ရောက်လာသည့် ခါကြက်ဥများ နေ့စဉ် ခြောက်ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ခါကြက်ဥဈေးနှုန်းများမှာ အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၊ ၁၂၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

“ခါကြက်ဥက မြေပြန့်ဒေသက ထွက်ရှိလာတာတွေပဲ ရှိပါတယ်။ ဒေသစုံက အဖြိုင်ထွက်ရှိလာတော့ ဈေးကွက်အတွင်းကို ခါကြက်ဥတွေ နေ့စဉ် ဝင်ရောက်လာပါတယ်။ ပြည်ပက ခါကြက်ဥတွေ အဝင်မရှိပါဘူး။ ပြည်တွင်းနယ်စုံဒေသကပဲ ထွက်ရှိဝင်ရောက်လာတာပါ။ စိုက်ပျိုးမှုတွေကလဲ နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေကောင်းနေပါတယ်။ အခြားသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ပန်းမုန်လာ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ မုန်လာဥနဲ့ ပန်းဂေါ်ဖီ စတဲ့သီးနှံတွေလဲ အသင့်အတင့် ရောင်းအားကောင်းနေပါတယ်”ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ခါကြက်ဥများကို မြေပြန့်ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း၊ ခါကြက်ဥသည် ဆယ့်နှစ်လလုံး ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေကြောင်း အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲလွန်းပြာ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာ

**မန္တလေး ဇွန် ၁၂**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲလွန်းပြာ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် ပဲလွန်းပြာမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့်အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့် ပဲလွန်းပြာကို ကုန်သည်များ ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

“နှမ်းနဲ့ ပဲလွန်းပြာက အရင်တစ်ပတ်လောက်က အရောင်းအဝယ် မကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေ ရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဇွန် ၅ ရက် ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၃၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဇွန် ၅ ရက် ပေါက်ဈေးအရ ပဲလွန်းပြာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲလွန်းပြာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် ထန်းပင်ခြံရွာသစ်ကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စစ်ဆေး

**တောင်သာ ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ခြံရွာသစ်ကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စက်ရေတွင်းကြံ့ခိုင်မှု ရှိ၊ မရှိ အခြေအနေများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အပူပိုင်းဇုန်ရေရရှိရေးစီမံကိန်း (JICA)မှ စီမံကိန်းတာဝန်ခံဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန့်ဇင်ဝင်း၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ထန်းပင်ခြံရွာသစ်ကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စက်ရေတွင်းကြံ့ခိုင်မှု ရှိ၊ မရှိအခြေအနေများ၊ လက်ရှိအချိန်တွင် ရေပေးဝေသုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး စက်ရေတွင်းနှင့် ဆက်စပ်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ခြံရွာသစ်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၆၆၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၁၄ ပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၉၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ရဲဇင်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ခဲ့ကိုင်မြို့နယ် လက်ဝဲကျေးရွာ သာသနာ့ဒေါ်တိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၆၈၄ ဧက ရိတ်သိမ်းပြီးစီး



**မော်လိုက် ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၁၆၈၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၁၆၈၄ ဧကကို ယခုနှစ် မေလကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နွေစပါး ၁၆၈၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၈၈ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မော်လိုက်မြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ နွေစပါးဧက ၂၃၀၀ လျာထားစိုက်ပျိုးခဲ့တာ နွေစပါး ၁၆၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ နွေစပါးအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးသွားပြီ။ အထွက်နှုန်းကောင်းမွန်ပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်တာပါ။ စိုက်ပျိုးနည်းစနစ်တွေ၊ ပိုးမွှားကျရောက်မရှိစေရေးအတွက် ကာကွယ်ရေးနည်းလမ်းတွေ ဆောင်ရွက်ပေးခဲ့တယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီက မော်လိုက်မြို့နယ်တွင် နွေစပါး ဧက ၂၃၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၈၃ ဒသမ ၅ တင်းထွက်ရှိကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၂၃၀၀ စိုက်ပျိုးရန် လျာထားစိုက်ပျိုးခဲ့ရာ နွေစပါး ၁၆၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် နွေစပါး စိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အမ်းမြို့နယ် လေကက်ကျကျေးရွာ၌ ကျေးလက်အိမ်ရာတည်ဆောက်နိုင်ရေး စစ်ဆေး

**အမ်း ဇွန် ၁၂**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေကက်ကျကျေးရွာ၌ ကျေးလက်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ လေကက်ကျကျေးရွာ၌ အလျား ၁၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ကိုးပေရှိ ကျေးလက်အိမ်ရာ လေးလုံး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများ၊ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ကျေးလက်အိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အမ်းမြို့နယ် လေကက်ကျကျေးရွာ၌ ကျေးလက်အိမ်ရာ လေးလုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါအဆိုပါလုပ်ငန်းများ စတင်အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေး တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

# ဆင်ပေါင်ဝဲမြို့နယ် ကန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကန်ချောင်းကျေးရွာအုပ်စု ကန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁၁ ဒသမ ၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်ပေါင်ဝဲမြို့နယ် ကန်ချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၁ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



# အယ်လ်နီညို(အပိုင်း-၁)

**ပါမောက္ခကိုကိုအောင်**

အယ်လ်နီညို(El-Nino) ဟူသောဝေါဟာရသည် မြန်မာနိုင်ငံသားအများစုတို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသော စကားလုံးဖြစ်သည်။ အကယ်စင်စစ်အားဖြင့် အယ်လ်နီညိုဆိုသည်မှာ သမုဒ္ဒရာအတွင်း လှည့်ပတ်စီးဆင်းနေသော ရေပူစီးကြောင်းကို စပိန်ဘာသာဖြင့် ခေါ်ဝေါ်သော အသုံးအနှုန်းတစ်ခုဖြစ်သည်။ ထိုအသုံးအနှုန်းကို အကြောင်းပြု၍ အီကွေတာနှင့်နီးကပ်သော ပစိဖိတ်သမုဒ္ဒရာရပ်ဝန်းတွင် ပုံမှန်ရှိရမည့်အပူချိန်ထက် မြင့်တက်ကာ ပိုမိုပူနွေးနေခြင်းကို အယ်လ်နီညိုဖြစ်စဉ်ဟု အမည်နာမတပ်ခဲ့ကြခြင်းဖြစ်သည်။

သမုဒ္ဒရာအတွင်း အယ်လ်နီညိုရေပူစီးကြောင်းများ လှည့်ပတ်စီးဆင်းသည့်အခါ နီးကပ်သောဒေသများ၌ ပုံမှန်မဟုတ်သောဖြစ်ရပ်များနှင့် ကြုံတွေ့ကြရသည်။ ငါး၊ ပုစွန်စသော ရေထွက်သယံဇာတများရှားပါးသွားခြင်းနှင့် ဂေဟစနစ်အပေါ် သိသာသောသက်ရောက်မှုများဖြစ်ပေါ်ခြင်း စသည်တို့မှသည် မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်ပေါ်ခြင်းနှင့် ရာသီဥတုပြောင်းလဲသွားခြင်းများထိကိုပင် ဒေသခံတို့ကတွေ့ကြုံခံစားကြရသည်။ မိုးရွာသွန်းမှု သိသာစွာလျော့နည်းသွားခြင်းမှသည် မိုးခေါင်သည်ထိ၊ မုန်သုံအဝင်နောက်ကျခြင်းမှသည် မုတ်သုံမိုးရွာသွန်းမှုနည်းပါးခြင်းထိ၊ မိုးလယ်ကာလ၌ မိုးရေချိန်ပမာဏလျော့နည်းခြင်းမှသည် မုတ်သုံအထွက်စောခြင်းထိ ကြုံတွေ့ကြရသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှစ၍ တစ်နံတစ်လျားကျယ်ပြန့်စွာတည်ရှိနေကြသော လုပ်ငန်းကိစ္စအဝဝတို့အပေါ် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကျရောက်လာစေသည်။

အယ်လ်နီညိုဖြစ်စဉ်၏ အဖျက်စွမ်းအားကြောင့် တွေ့ကြုံလာရနိုင်ဖွယ်ရှိသော ဘေးဒုက္ခများမှာကြီးမားကျယ်ပြန့်လှသည်ဖြစ်၍ အယ်လ်နီညိုဖြစ်စဉ်ပေါ်ပေါက်သည့်နှစ်ကို အယ်လ်နီညိုနှစ်ဟူ၍ပင် ခေါ်ဝေါ်သမုတ်လာခဲ့ကြသည်။ အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့ကုန်းမြေနှင့် လေထု၊ ရေထုတို့၏ အပြန်အလှန်အကျိုးသက်ရောက်မှုများဖြစ်ပေါ်နေခြင်း၏ သဘာဝဖြစ်စဉ်တစ်ခုသာလျှင်ဖြစ်သည်။ သာမန်အားဖြင့် အယ်လ်နီညိုဖြစ်စဉ်သည် ခြောက်နှစ်လျှင် တစ်ကြိမ်ခန့်သာဖြစ်ပေါ်တတ်သော်လည်း ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း ပြင်းထန်သော အယ်လ်နီညိုဖြစ်စဉ် စုစုပေါင်း ၁၁ ကြိမ်တိုင်တိုင်ဖြစ်ပေါ်ခဲ့သည်မှာ ထိတ်လန့်ဖွယ်ကောင်းလှသည်။

အဆိုပါဖြစ်စဉ်များအနက် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် ကပ်လျက်ပြက္ခဒိန်နှစ် နှစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုကာလ၏ဖြစ်စဉ်သည် အဆိုးရွားဆုံးဖြစ်စဉ်အဖြစ် စံချိန်တင်ခဲ့သည်။ စိုက်ပျိုးမြေဧကပေါင်း ၅၆ သန်းကို ထိခိုက်စေပြီး လူပေါင်း ၂၄၀၀၀ ကို သေဆုံးစေကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ထရီလီယံကျော်ထိ ရှိစေခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်သည် ရာသီဥတုကို ဖောက်လွဲဖောက်ပြန်ဖြစ်ပေါ်စေသည်ဖြစ်၍ အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအတွက်လည်း အလေးဂရုပြုရမည့်ဖြစ်စဉ်ကြီးတစ်ခုဟု ဆိုရပေမည်။ စံချိန်တင်အယ်လ်နီညိုနှစ်သည် မြန်မာနိုင်ငံအတွက် ၁၉၉၇ ခုနှစ် ဇွန်လမှ ၁၉၉၈ ခုနှစ် မေလထိ တစ်နှစ်တိတိဖြစ်ပေါ်ခဲ့ပြီး မြို့ ၁၅ မြို့၌ မိုးရေချိန်ရရှိမှု အနည်းဆုံးစံချိန်တင်ခဲ့ကာ မြို့ ၁၈ မြို့၌လည်း အပူချိန်အမြင့်မားဆုံး စံချိန်တင်ခဲ့သည်။



ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက အီကွေတာနှင့်နီးကပ်သော အရှေ့ဇဟိုအပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ရေပြင်အပူချိန်မှာ သိသာစွာမြင့်တက်နေခဲ့သည်။ ထိုသို့သောအပူချိန်မြင့်တက်နေမှုကြောင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရေပြင်၏ပျမ်းမျှအပူချိန်သည် အယ်လ်နီညိုဖြစ်စဉ်အဆင့်ထိ ရောက်ရှိအောင်ပင် ပူနွေးလာနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ခန့်မှန်းထားခဲ့သည်။

အကယ်၍ အယ်လ်နီညိုဖြစ်စဉ်ပေါ်ပေါက်လာမည်ဆိုပါကလည်း ၁၉၅၀ ပြည့်နှစ်မှစ၍ ၂၀၁၅ ခုနှစ် မတိုင်မီအတွင်းရှိ ကာလများက ဖြစ်ပေါ်ခဲ့သည့် အယ်လ်နီညိုဖြစ်စဉ်များထဲမှ ထူးခြားပြင်းထန်သော ၁၉၇၂-၁၉၇၃ အယ်လ်နီညို၊ ၁၉၈၂-၁၉၈၃ အယ်လ်နီညိုနှင့် ၁၉၉၇-၁၉၉၈ အယ်လ်နီညိုတို့ထက်ပင် ပို၍ အားကောင်းလာနိုင်ကြောင်း သုံးသပ်ခန့်မှန်းတွက်ချက်ပေးထားကြသည်။

ကမ္ဘာ့ကုန်းမြေနှင့် လေထု၊ ရေထုတို့သည် အပြန်အလှန်အမှီသဟဲပြုပြီး ကျိုးကြောင်းဆက်စပ်လျက်ရှိနေကြသည့်အားလျော်စွာ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်သည့်နှစ်များတွင် ပင်လယ်ရေမျက်နှာပြင်ပေါ်၌ လေစီးကြောင်းများလှည့်ပတ်တိုက်ခတ်မှုပုံစံပြောင်းလဲသွားသည်နှင့်တစ်ပြိုင်နက် ကုန်းမြေပေါ်ရှိ မိုးလေဝသအခြေအနေကလည်း ယိုယွင်းလာကာ ရာသီဥတုကလည်း တစ်မျိုးတစ်ဖုံပြောင်းလဲသွားတော့သည်။

ကောင်းကင်ယံတွင် တိမ်ဖြူတိမ်တိုက်များကင်းစင်သွားကာ နေ့အခါ အလွန်ပူပြင်းပြီး ခြောက်သွေ့နေမှုကြောင့် လေပူများအထက်သို့ တက်ရောက်ကုန်သည်။ ထိုအခါ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ပြီး ထိုရပ်ဝန်းသို့ ဖိအားများသောလေထုက အလုံးအရင်းနှင့်ဝင်ရောက်နေရာယူတိုက်ခတ်မှုကြောင့် အပူပိုင်းမုန်တိုင်းများဖြစ်ပေါ်လာသည်။

ထို့အတူ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အထက်လွှာလေထု၏ လှည့်ပတ်တိုက်ခတ်သည့်ပုံစံပြောင်းလဲသွားကာ ပုံမှန်အားဖြင့် မိုးကောင်းသည့်အရပ်ဒေသများ၌ မိုးနည်းခြင်းနှင့် မိုးခေါင်မှုကို ဖြစ်ပေါ်လာစေသကဲ့သို့ မူလက မိုးနည်းသည့်ဒေသများ၌လည်း မိုးရေချိန်အများအပြားရွာသွန်းမှုကိုဖြစ်ပေါ်စေကာ ရေကြီးရေလျှံမှုများကိုပါ ဆက်စပ်ဖြစ်ပေါ်စေသည်။

**ကမ္ဘာ့ရာသီဥတုမှတ်တမ်းများအရ ဖြစ်ပေါ်ခဲ့ပြီးသမျှသော အယ်လ်နီညိုဖြစ်စဉ်ရေပေါင်း၏ထက်ဝက်သည် အားပျော့သွားပြီး နောက်ပိုင်း၌ ပုံမှန်ရာသီဥတုအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြသည်။ ၄၀ ရာခိုင်နှုန်းက အယ်လ်နီညိုဖြစ်စဉ်၏ ဆန့်ကျင်ဘက်ဖြစ်သော လာနီညာ(La-Nina)ဖြစ်စဉ်သို့ပြောင်းလဲသွားကာ ကျန် ၁၀ ရာခိုင်နှုန်းကမူ အားပျော့ချိန်ရောက်စါမှ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးရေချိန်လျော့နည်းသွားခြင်း၊ မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းစသည့် အားကောင်းသော အယ်လ်နီညိုရာသီဥတု၏ အစွမ်းကို ပြသကြသည်။**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရမည့် မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့အတွက် မိုးလေဝသအခြေအနေကို ခန့်မှန်းခဲ့ရာတွင် ပုံမှန်ရွာသွန်းမြဲမိုးရေချိန်ထက် ကျော်လွန်အောင်ရွာသွန်းနိုင်သည့် ဒေသများမရှိဘဲ ပုံမှန်မိုးရေချိန်အောက်သို့သာလျှင် လျော့နည်းရွာသွန်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။ အများဆုံးအားဖြင့် ပုံမှန်ရွာသွန်းမှုအောက် ၃၀ ရာခိုင်နှုန်းထိ လျော့နည်းနိုင်သောဒေသများထဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ပါဝင်နေခဲ့ကြသည်။

ပုံမှန်မိုးရွာသွန်းမှု၏ထက်ဝက်ထိ လျော့ကျသွားနိုင်သော ဒေသများထဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ ပါဝင်ပြီး ပုံမှန်ရွာသွန်းမှုအောက် ၆၀ ရာခိုင်နှုန်းထိ လျော့နည်းသွားနိုင်သည့် ဒေသများထဲ၌မူ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ ပါဝင်နေခဲ့ကြသည်။

အလားတူပင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က မြန်မာတစ်နိုင်ငံလုံးတွင် ပျမ်းမျှနေ့အပူချိန်များမြင့်တက်လာနိုင်ကြောင်းကိုလည်း ခန့်မှန်းထုတ်ပြန်ထားခဲ့သည်။ အဆိုပါခန့်မှန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်နှင့်အနီးတစ်ဝိုက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် နေ့အပူချိန်မြင့်မားလာရန် ရာခိုင်နှုန်းအလွန်များပြားလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း နေ့အပူချိန်များမြင့်တက်လာနိုင်ခြေ ၇၀ ရာခိုင်နှုန်းထိ ရှိနေခဲ့ကြပါသည်။

# ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ၌ အစိမ်းရောင်ဖွံ့ဖြိုးရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြော

**ဟိုပုံး ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အိမ်တွင်းလေထုညစ်ညမ်းမှု လျှော့ချရေး အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ကျင်းပသည့် အစိမ်းရောင်ဖွံ့ဖြိုးရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးမြတ်မင်းနှင့် ကျန်းမာရေးမှူး ဒေါ်စိုးစိုးနိုင်တို့က ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် စသည့်ကျန်းမာရေး အသိပညာဗဟုသုတများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။


ဆက်လက်၍ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ကြည်က ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များကို ကျောက်တန်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသား ဦးရေ ၁၂၀ ထံ ဖြန့်ဝေပေးခဲ့ကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်ထံမှ သိရသည်။



**မောင်နိုင်**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# မင်းဘူးခရိုင်တွင် GAP စနစ်ဖြင့် မိုးနေကြာ ဧက ၁၇၇၀ စိုက်ပျိုးသွားမည်

**မင်းဘူး ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင် ယခုနှစ်မိုးကာလ၌ GAP စနစ်ဖြင့် မိုးနေကြာ ဧက ၁၇၇၀ စိုက်ပျိုး သွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးကာလတွင် GAP စနစ်ဖြင့် မိုးနေကြာကို မင်းဘူးမြို့နယ်တွင် ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ၁၃ ရွာ၊ တောင်သူအစုအဖွဲ့ ၁၄ ဖွဲ့၊ တောင်သူ ဦးရေ ၂၃၀ က ဧက ၁၁၀၀၊ ပွင့်ဖြူမြို့နယ်တွင် ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၁၁ ရွာ၊ တောင်သူအစုအဖွဲ့ ၁၁ ဖွဲ့၊ တောင်သူ ၂၁၂ ဦးက ဧက ၅၆၀၊ စလင်းမြို့နယ်တွင် ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ခုနစ်ရွာ၊ တောင်သူအစုအဖွဲ့ ခုနစ်ဖွဲ့၊ တောင်သူ ၂၁၉ ဦးက ဧက ၅၀၊ ငဖဲမြို့နယ်တွင် ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာ သုံးရွာ၊ တောင်သူအစုအဖွဲ့ လေးဖွဲ့၊ တောင်သူ ၅၅ ဦးက ဧက ၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မင်းဘူးခရိုင်အတွင်း အခုနှစ် မိုးကာလမှာ နေကြာသီးနှံကို GAP စနစ်နဲ့ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ သီးနှံတွေကို GAP စနစ်နဲ့ စိုက်ပျိုးရတဲ့ရည်ရွယ်ချက်ကတော့ စားသုံးသူပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့၊ ထုတ်ကုန်သီးနှံ အရည်အသွေးကောင်းစေဖို့၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေဖို့၊ စိုက်ပျိုးထုတ်လုပ်တဲ့ လုပ်သားတွေရဲ့ ကျန်းမာရေးနဲ့ လူမှုဘဝသာယာဝပြောစေဖို့အတွက် ဖြစ်ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးလှမိုးက ပြောပြသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးနေကြာစိုက်ခင်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် နှစ်စဉ်လူဦးရေတိုးပွားလာသည်နှင့်အမျှ စိုက်ပျိုးသီးနှံများကိုလည်း ပိုမိုစိုက်ပျိုးထုတ်လုပ်နေကြပြီး စားသုံးဆီကို နှမ်း၊ မြေပဲ၊ နေကြာသီးနှံတို့မှ အဓိကစိုက်ပျိုးထုတ်လုပ်ကြကာ ယခင်နှစ်ကလည်း စားသုံးဆီအစားထိုး နေကြာသီးနှံကို မိုးနေကြာ၊ ဆောင်းနေကြာတို့အဖြစ် စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ယခင်နှစ်မိုးကာလက နေကြာသီးနှံကို မင်းဘူးခရိုင်အတွင်း မြို့နယ် ငါးမြို့နယ်ရှိ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ တောင်သူအစုအဖွဲ့ ၄၇ ဖွဲ့၊ တောင်သူ ၁၂၆၁ ဦးက ၁၂၈၇ ဧကစိုက်ပျိုးခဲ့ရာ နေကြာတစ်ဧကလျှင် ၁၄ ဒသမ ၈၆၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မိုးထက်(မင်းဘူး)**

# ပန်းတောင်းမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**ပန်းတောင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကား ပြောကြားသည်။

ထို့နောက် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမာက တက်ရောက်လာသော တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ကုန်ထုတ်လမ်း၊ တံတား ကော်မတီဝင်များ၊ ကျေးရွာလမ်းကော်မတီဝင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ TPIC အဖွဲ့တို့နှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး ကျေးရွာအတွင်းဆောင်ရွက်ရမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ကျီးတောကျေးရွာအုပ်စု ကျီးတောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ဒေါင်းမြတ်နားကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ တောင်ဘွေကျေးရွာအုပ်စု ပဲကြီးအင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ လဲကျေးရွာအုပ်စု လဲကျေးရွာ၌ ရေရရှိရေးလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ် TPIC အဖွဲ့ဝင်များ၊ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရေရရှိရေးနှင့် ကုန်ထုတ်လမ်း၊ တံတား ကော်မတီဝင်များနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

## ခြင်ရန်ကင်းရေး ဆောင်ရွက်ပေးစို့

\- မိုးဦးကျစ
သမယ
ရောက်စွသည်ချိန်ဝယ်။

\- ရေအိုင်ရေဗွက်
ချုံနွယ်မြက်
ထွက်ရှိဖြစ်ထွန်းကြွယ်။

\- ခြင်ခိုအောင်းအား
ပေါက်ဖွားအား
များပြားလာကာရယ်။

\- ခြင်ကိုက်ခြင်းအား
ခံရငြား
ယားယံဖျားနာမယ်။

\- သွေးလွန်တုပ်ကွေး
ဖြစ်မည့်ဘေး
ချင့်တွေးရတစ်သွယ်။

\- ခြင်ရန်ကင်းရန်
ရွယ်ရည်သန်
ကြံဆောင်စို့လွယ်လွယ်။

\- အိမ်ပတ်ဝန်းကျင်
မြက်ချုံပင်
ခုတ်ထွင်ရှင်းလင်းကွယ်။

\- ရေဗွက်အတွင်း
မြေဖို့ခြင်း
ဆောင်ကြဉ်းပေးကာရယ်။

\- ရေအိုးရေကန်
သန့်ရှင်းရန်
ဖုံးသွန်လဲစစ်ကွယ်။

\- လောက်လမ်းကင်းရေး
အဘိတ်ဆေး
ခတ်ပေးကြရမယ်။

\- အိပ်စက်ရာတွင်
မြဲအစဉ်
ခြင်ထောင် ထောင်အိပ်ကွယ်။

\- ခြင်မှဖြစ်ပွား
ရောဂါများ
တားဆီးနိုင်ကာရယ်။

\- ခြင်ပေါက်ဖွားအား
လျော့နည်းပါး
တို့များဆောင်ရွက်မယ်။ ။

**မနော့သစ်(ပခုက္ကူ)**

# နိုင်ငံတကာ သတင်းများ

## ဩစတြေးလျ၌ ဘတ်စကားတစ်စီးတိမ်းမှောက် မင်္ဂလာပွဲဧည့်သည် ၁၀ ဦးသေဆုံး

**ဆစ်ဒနီ ဇွန် ၁၂**

ဩစတြေးလျနိုင်ငံ ဂရီတာ အမည်ရှိ မြို့တစ်မြို့အနီး၌ ဇွန် ၁၁ ရက်က မင်္ဂလာပွဲတက် ဧည့်ပရိသတ်များ လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူ ၁၀ ဦးသေဆုံး၍ ၂၅ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဟန်းတားဒေသ၌ ကျင်းပသည့် မင်္ဂလာပွဲတစ်ခုမှ ပြန်ထွက်ခွာလာသော အဆိုပါဘတ်စကားပေါ်တွင် လူပေါင်း ၃၅ ဦး လိုက်ပါလာကြောင်း သိရသည်။

မြူများကျဆင်းနေသည့် ညပိုင်း၌ ဖြစ်ပွားခဲ့သော အဆိုပါယာဉ်မတော်တဆမှုသည် ဩစတြေးလျနိုင်ငံအတွက် နှစ် ၃၀ နီးပါးကာလအတွင်း အသေအပျောက်အများဆုံး ယာဉ်မတော်တဆမှုဖြစ်သည်။

လက်ရှိအချိန်တွင် ဩစတြေးလျ တာဝန်ရှိသူများသည် အသက် ၅၈ နှစ်ရှိ ယာဉ်မောင်းအမျိုးသားကို အန္တရာယ်ဖြစ်စေနိုင်လောက်အောင် ယာဉ်ကိုမောင်းနှင်မှုဖြင့် တရားစွဲထားကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ ဂရီတာမြို့သည် နယူးဆောက်သ်ဝေးလ်ပြည်နယ် ဟန်းတားဗယ်လီဒေသ၌ တည်ရှိသောမြို့ဖြစ်ပြီး ဆစ်ဒနီမြို့နှင့် ၁၁၂ မိုင်အကွာတွင် တည်ရှိသည်။

၁၉၉၄ ခုနှစ်က ဘရစ္စဘိန်းမြို့၌ ဘတ်စကားတစ်စီး အဝေးပြေးလမ်းမပေါ်တွင် လမ်းချော်ထွက်၍ လမ်းဘေးချောက်ထဲ ထိုးကျခဲ့ရာ လူပေါင်း ၁၂ ဦးသေဆုံး၍ ၃၈ ဦး ဒဏ်ရာများ ရရှိခဲ့ဖူးကြောင်း သိရသည်။ KKO



## အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ မီလန်မြို့၌ ကွယ်လွန်

**မီလန် ဇွန် ၁၂**

သွေးကင်ဆာရောဂါနှင့်အဆုတ်ကူးစက်ရောဂါတစ်မျိုး ခံစားခဲ့ရသည့် အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီသည် ယနေ့တွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၈၆ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီသည် မီလန်မြို့ စန်ရာဖေးလ်ဆေးရုံ၌ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီသည် ခမ်းနားကြီးကျယ်သော အီတလီနိုင်ငံသားတစ်ဦးဖြစ်ကြောင်း လက်ရှိအီတလီအစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ် ဖက်တီယိုဆယ်လ်ဗီနီက ပြောကြားခဲ့သည်။

အလားတူ ဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ ကွယ်လွန်မှုသည် ခေတ်တစ်ခေတ် နိဂုံးချုပ်ခြင်းဖြစ်ကြောင်း အီတလီကာကွယ်ရေးဝန်ကြီး ဂွီဒိုခရိုဆက်တိုကလည်း သုံးသပ်ခဲ့သည်။

အီတလီနိုင်ငံ၏ အကြီးဆုံး မီဒီယာကုမ္ပဏီကို တည်ထောင်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင် ဘီလျံနာတစ်ဦးဖြစ်သည့် ဘာလူစကိုနီသည် နိုင်ငံရေးလောကတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် အီတလီနိုင်ငံရေးလောကအခင်းအကျင်းကို ပြောင်းလဲခဲ့သူဖြစ်သည်။

ဘာလူစကိုနီသည် ၁၉၉၄ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိ၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ အီတလီဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ KKO

## ယူကရိန်းတင့်ကားနှင့် သံချပ်ကာယာဉ်များကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောကြား



**မော်စကို ဇွန် ၁၂**

ယူကရိန်း တန်ပြန်ထိုးစစ်ကို ရင်ဆိုင်နေရစဉ် ပြီးခဲ့သည့် ၄၈ နာရီအတွင်း ရုရှားတပ်များသည် ဂျာမနီနိုင်ငံထုတ် လက်ပက်တင့်ကားအနည်းဆုံး ခုနစ်စင်းနှင့် အမေရိကန်နိုင်ငံထုတ် ဘရက်ဒလေအမျိုးအစားသံချပ်ကာယာဉ်ငါးစီးကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇွန် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

ဇွန် ၁၀ ရက်တွင် အဓိကအရပ်မျက်နှာ သုံးခုတို့၌ ယူကရိန်းထိုးစစ်တစ်ဒါဇင်ကျော်ကို ရုရှားတပ်များက တွန်းလှန်နိုင်ခဲ့သည်ဟုရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၁၁ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ပွဲများအနက် ဇာပိုရစ်ဇီယာဒေသ၌ ဖြစ်ပွားခဲ့သောတိုက်ပွဲတစ်ခုတွင် ယူကရိန်းအမှတ် ၁၂၈ တောင်ပေါ်တိုက်ခိုက်ရေးတပ်ရင်း၏သံချပ်ကာယာဉ်တန်းတစ်တန်းကို ရုရှားတပ်များက ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားတပ်များ၏ တိုက်ခိုက်မှုကြောင့်ပျက်စီးခဲ့ရသော ယူကရိန်းစစ်သုံးယာဉ်များထဲတွင် လက်ပက်တိုက်ပွဲဝင်တင့်ကား အနည်းဆုံး ခုနစ်စင်းနှင့် ဘရက်ဒလေသံချပ်ကာယာဉ် ငါးစီးတို့ပါဝင်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ယူကရိန်းတပ်များသည် ၎င်းတို့၏တန်ပြန်ထိုးစစ်ကို စတင်နေပြီဖြစ်သော်လည်း စစ်ရေးရည်မှန်းချက်အောင်မြင်မှု မရှိခဲ့ကြောင်း ရုရှားသမ္မတပူတင်က ဇွန် ၉ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ယူကရိန်းတပ်များသည် ၎င်းတို့၏တန်ပြန်ထိုးစစ်ကို ဒွန်းနက်ခ်ဒေသနှင့်ဇာပိုရစ်ဇီယာဒေသများ၌ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ KKO

## တောင်ကိုရီးယား၌ ကမ္ဘာ့ပဉ္စမမြောက်အမြင့်ဆုံးအဆောက်အအုံကို ကြိုးမပါဘဲတွယ်တက်သူ ဗြိတိန်နိုင်ငံသားအဖမ်းခံရ

**ဆိုးလ် ဇွန် ၁၂**

တောင်ကိုရီးယားနိုင်ငံ၌ ကမ္ဘာ့ပဉ္စမမြောက် အမြင့်ဆုံးအဆောက်အအုံကို ကြိုးမပါဘဲတွယ်တက်ရန် ကြိုးစားခဲ့သော ဗြိတိန်နိုင်ငံသားတစ်ဦးကို တောင်ကိုရီးယားရဲတပ်ဖွဲ့က ယနေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ အဆိုပါ ဗြိတိန်နိုင်ငံသားသည် ဆိုးလ်မြို့၌ တည်ရှိသော အထပ်ပေါင်း၁၂၃ ထပ်ရှိ လော့တီဝါးလ်တာဝါမျှော်စင်ကို တွယ်တက်ရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လော့တီဝါးလ်တာဝါ အဆောက်အအုံကို ကြိုးမပါဘဲ တွယ်တက်ခဲ့သည့် ၎င်းအမျိုးသားကို အထပ် ၇၃ ထပ်အရောက်တွင် တောင်ကိုရီးယားရဲတပ်ဖွဲ့ဝင်များက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံး ပခက်ပေါ် အတင်းဆင်းခိုင်း၍ ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဆိုးလ်မြို့ရဲတပ်ဖွဲ့က ၎င်းဗြိတိန်အမျိုးသားကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေကြောင်း သိရသည်။

တောင်ကိုရီးယား အခြေစိုက် ချိုဆွန်အီလ်ဘို သတင်းစာ၏ အဆိုအရ ဂျော့ကင်းသွမ်ပဆင် အမည်ရှိ အဆိုပါအမျိုးသားသည် ၂၀၁၉ ခုနှစ်အတွင်း လန်ဒန်မြို့ရှိ ရှာ့ဒ်အဆောက်အအုံကို တွယ်တက်ခဲ့မှုကြောင့် ဖမ်းဆီးခံခဲ့ရဖူးကြောင်း သိရသည်။

၂၀၁၈ ခုနှစ်ကလည်း ပြင်သစ်ပင့်ကူလူသားအလိန်းရောဘတ်က ကမ္ဘာ့ ပဉ္စမမြောက်အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် လော့တီဝါးလ်တာဝါ အဆောက်အအုံကို ကြိုးမပါဘဲ တွယ်တက်ခဲ့ဖူးရာ ဆိုးလ်မြို့ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

KKO

## အမေရိကန်အဝေးပြေးလမ်းခုံးကျော်တံတား လောင်စာဆီတင်ယာဉ်မီးလောင်မှုကြောင့် ပြိုကျ

**နယူးယောက် ဇွန် ၁၂**

ဓာတ်ဆီများ တင်ဆောင်ထားသည့်လောင်စာဆီတင်ယာဉ်တစ်စီး ခုံးကျော်တံတားအောက်၌မီးလောင်ခဲ့ပြီးနောက်အမေရိကန်နိုင်ငံ ဖီလာဒယ်လ်ဖီးယားမြို့၌ အရေးကြီးသည့် အဝေးပြေးလမ်းတစ်လမ်းပေါ်တွင် လမ်းဆက်ကြောင်းတစ်နေရာပြိုကျခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။



အဆိုပါဖြစ်စဉ်သည် အမေရိကန်နိုင်ငံအတွက် အလွန်အရေးကြီးသည့် အဝေးပြေးလမ်းဖြစ်သော အရှေ့ဘက်ကမ်းရိုးတန်းအဝေးပြေးလမ်း၏ တံတားလမ်းပိုင်းတစ်ခုတွင် ဇွန် ၁၁ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် လောင်စာဆီတင်ယာဉ်မီးလောင်မှုနှင့် အဝေးပြေးလမ်း ခုံးကျော်တံတားပြိုကျမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူ ရှိ မရှိမသိရသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးသမားများက အဝေးပြေးလမ်းခုံးကျော်တံတားပြိုကျရာနေရာ၌ ရှာဖွေရှင်းလင်းမှုများ ပြုလုပ်နေဆဲဖြစ်သည်။

ပျက်စီးခဲ့ရသည့် အဝေးပြေးလမ်းအစိတ်အပိုင်းကို အပြည့်အဝပြန်လည်တည်ဆောက်ရေးအတွက် လအတန်ကြာ အချိန်ယူရဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုင်ယာမီမြို့တွင်စတင်၍ ကနေဒါနယ်စပ်၌ အဆုံးသတ်သော အရှေ့ဘက်ကမ်းရိုးတန်းအဝေးပြေးလမ်းသည် နေ့စဉ်မော်တော်ယာဉ် ၁၆၀၀၀၀ကျော် ဖြတ်သန်းနေသည့် အဝေးပြေးလမ်း ဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ကျူကျန်းကွမ်တမ်ကွန်ပျူတာစနစ်က AI နှင့် ဆက်စပ်နေသောလုပ်ငန်းများကို ထမ်းဆောင်ရာတွင် စူပါကွန်ပျူတာထက်အဆ သန်း ၁၈၀ ပိုမြန်



**ပေကျင်း ဇွန် ၁၂**

တရုတ်သိပ္ပံပညာရှင်များ တည်ဆောက်ထားသော ကျူကျန်းအမည်ရှိ ကွမ်တမ်ကွန်ပျူတာစနစ်သည် အသိဉာဏ်တုနည်းပညာ (AI)နှင့် ဆက်စပ်နေသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်ဆုံး စူပါကွန်ပျူတာထက် အဆ သန်း ၁၈၀ ပိုမြန်ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

ကျူကျန်းကွမ်တမ်ကွန်ပျူတာစနစ်ကို တရုတ်နိုင်ငံ၏ ကွမ်တမ် (Quantum) ရူပဗေဒဖခင်ကြီး အဖြစ်ထင်ရှားသော တရုတ်သိပ္ပံပညာရှင် ပင်ကျန်းဝေ ဦးဆောင်သည့် အဖွဲ့ကတည်ဆောက်ထားခြင်းဖြစ်သည်။

ကျူကျန်းကွမ်တမ်ကွန်ပျူတာသည် ၂၀၂၀ ပြည့်နှစ်အတွင်းက သမားရိုးကျစူပါကွန်ပျူတာတစ်လုံး အနေဖြင့် ဖြေရှင်းနိုင်ရန် နှစ်ပေါင်း ၂ ဒသမ ၅ ဘီလီယံ အချိန်ယူရမည့် ကွမ်တမ်ရူပဗေဒပုစ္ဆာတစ်ပုဒ်ကို စက္ကန့် ၂၀၀ အတွင်း ဖြေရှင်းပြခဲ့ဖူးသည်။

ကျူကျန်းကွမ်တမ်ကွန်ပျူတာစနစ်သည် ပြဿနာများကိုဆန်းစစ်တွက်ချက်ရေးအတွက် ကြားခံရုပ်ပစ္စည်းအဖြစ် အလင်းမှုန်များကို အသုံးပြုထားကြောင်း သိရသည်။

သို့ရာတွင် ကျူကျန်းကွမ်တမ်ကွန်ပျူတာစနစ်သည် အခြားကွမ်တမ် ကွန်ပျူတာစနစ်များကဲ့သို့ စနစ်လည်ပတ်ရေးအတွက်ဝန်းကျင်အပူချိန်ကို အလွန်အမင်းလျှော့ချပေးထားရန်မလိုကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ထိပ်တန်းစူပါကွန်ပျူတာ ၅၀၀ စာရင်းတွင် အမေရိကန် စူပါကွန်ပျူတာများက ဦးဆောင်ထားသော်လည်း နောက်ဆုံးပေါ်နည်းပညာနယ်ပယ်ဖြစ်သည့် ကွမ်တမ်ကွန်ပျူတာစနစ်များတွင် တရုတ်နိုင်ငံက ခြေလှမ်းသာလျက်ရှိကြောင်း သိရသည်။

KKO


## သောကြာဂြိုဟ်လေ့လာရေး ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသယာဉ်ကို ယခုနှစ်အတွင်း လွှတ်တင်နိုင်ဦးမည်မဟုတ်

**ဝါရှင်တန် ဇွန် ၁၂**

သောကြာဂြိုဟ် လေ့လာရေး ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသယာဉ်ကို ယခုနှစ်အတွင်း လွှတ်တင်နိုင်ဦးမည်မဟုတ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အခြေစိုက် အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Rocket Lab ကုမ္ပဏီသည် ၎င်း၏ကိုယ်ပိုင် သောကြာဂြိုဟ်လေ့လာရေးအာကာသယာဉ်ကို ယခုနှစ်အတွင်း လွှတ်တင်ရန် မူလက စီစဉ်ထားသည်။

သို့ရာတွင် အခြားပုဂ္ဂလိကကုမ္ပဏီများအပ်နှံထားသည့် မစ်ရှင်များကို ဦးစားပေးလွှတ်တင်ရေးအတွက် သောကြာဂြိုဟ်လေ့လာရေးအာကာသယာဉ် လွှတ်တင်ရေး အစီအစဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလသို့ နောက်ဆုတ်ထားကြောင်း Rocket Lab ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။



Rocket Lab ကုမ္ပဏီသည် အချင်း ၁၅ လက်မနှင့် အလေးချိန် ၂၀ ဒသမ ၄ ကီလိုဂရမ်သာရှိသော သောကြာဂြိုဟ်လေ့လာရေးယာဉ်ကို အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

၎င်းအာကာသယာဉ်ငယ်၏ သောကြာဂြိုဟ်ခရီးစဉ်သည် အချိန်ကာလအားဖြင့် ငါးလမျှသာကြာမြင့်မည်ဖြစ်ကြောင်း Rocket Lab ကုမ္ပဏီ၏ အဆိုအရ သိရသည်။

သောကြာဂြိုဟ်သည် နေအဖွဲ့အစည်း၏ အပူဓာတ်အမြင့်ထန်ဆုံးဂြိုဟ်ဖြစ်သော်လည်း ၎င်းဂြိုဟ်၏ လေထုလွှာအထက်ပိုင်း၌ အဏုဇီဝသက်ရှိများရှိနေနိုင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။ KKO

## CHEOPS အာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်လေးစင်းကို ရှာဖွေအတည်ပြုနိုင်ခဲ့

**ဘန်း ဇွန် ၁၂**

ဥရောပ သိပ္ပံပညာရှင်များသည် CHEOPS အမည်ရှိ အာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်လေးစင်းကို ရှာဖွေအတည်ပြုနိုင်ခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

CHEOPS အာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ဖော်ထုတ်တွေ့ရှိခဲ့သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်လေးစင်းမှာ နက်ပ်ကျွန်းအငယ်စားအုပ်စုဝင် ဂြိုဟ်များဖြစ်ကြကြောင်း ဆွစ်ဇာလန်နိုင်ငံ ဘန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

နက်ပ်ကျွန်းအငယ်စား (Mini-Neptunes) အုပ်စုဝင် ဂြိုဟ်များသည် ကြာသပတေးဂြိုဟ်နှင့်ဂြိုဟ်ပူများအုပ်စုဝင် ဓာတ်ငွေ့ဂြိုဟ်များထက် အရွယ်အစားအရ ပို၍သေးငယ်ပြီး ပို၍လည်းအေးမြသည်ဖြစ်ရာ ရှာဖွေရန်ခက်ခဲသည့် ဂြိုဟ်များဖြစ်ကြကြောင်း သိရသည်။

CHEOPS အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်တစ်စင်း၏ ရှေ့တည့်တည့်မှ ဂြိုဟ်တစ်စင်းဖြတ်သန်းချိန်တွင် ကြယ်ရောင်မှေးမှိန်သွားမှုကို ဖော်ထုတ်နိုင်ရေးအတွက် ကြယ်များ၏အလင်းအားအတက်အကျကို စောင့်ကြည့်နေသည့် တယ်လီစကုပ်ဖြစ်သည်။

ဥရောပ အာကာသအေဂျင်စီနှင့် ဆွစ်ဇာလန်နိုင်ငံတို့ ပူးတွဲတည်ဆောက်ထားသော CHEOPS ဂြိုဟ်တုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

CHEOPS အာကာသရေဒီယိုတယ်လီစကုပ်၏ တိကျသောတိုင်းတာမှုများသည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များရှာဖွေရေးနယ်ပယ်ကို ကျေးဇူးပြုခဲ့ကြောင်း သိရသည်။ KKO

# HEALTH

## နေအိမ်၌ပြုလုပ်နိုင်သော ကင်ဆာစစ်ဆေးနည်းက အူမကြီးကင်ဆာရောဂါဖြစ်ခါစတွင် ဖော်ထုတ်ပေးနိုင်

**ဘာလင် ဇွန် ၁၂**

နေအိမ်၌ပင် ပြုလုပ်နိုင်သော ကင်ဆာစစ်ဆေးနည်းတစ်မျိုးသည် အူမကြီးကင်ဆာရောဂါကို ဖြစ်ခါစအဆင့်တွင် ထောက်လှမ်းဖော်ထုတ်ပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ကင်ဆာစစ်ဆေးနည်းသည် ကျင်ကြီးနမူနာကိုအသုံးပြု၍ ကင်ဆာဆဲလ်များ၏ မျိုးဗီဇအခြေခံ မော်လီကျူးများကို ရှာဖွေပေးခြင်းဖြင့် အူမကြီးကင်ဆာရောဂါကို ဖော်ထုတ်ပေးနိုင်ကြောင်း ၎င်းကင်ဆာစစ်ဆေးနည်းကို ဖန်တီးခဲ့သည့် ဂျာမနီအခြေစိုက် Mainz Biomed ဇီဝနည်းပညာကုမ္ပဏီမှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အူမကြီးကင်ဆာရောဂါ၏ အဓိကလက္ခဏာသုံးခုမှာ ကျင်ကြီးအတွင်း သွေးပါလာခြင်း၊ အူမကြီးလှုပ်ရှားမှုအလေ့အထ ပြောင်းလဲသွားခြင်းနှင့် ဝမ်းဗိုက်နာကျင်ခြင်းတို့ဖြစ်သည်။

Mainz Biomed ကုမ္ပဏီ၏ အူမကြီးကင်ဆာ စစ်ဆေးနည်းမှာ ကျင်ကြီးအတွင်း သွေးပါဝင်မှုကို စစ်ဆေးသည့်နည်း မဟုတ်ဘဲ ကင်ဆာဆဲလ်မျိုးဗီဇများကို ရှာဖွေစစ်ဆေးသည့်နည်း ဖြစ်ကြောင်း သိရသည်။

မိမိတို့၏ကင်ဆာစစ်ဆေးနည်းသည် အူမကြီးကင်ဆာရောဂါကို ဖြစ်ခါစအဆင့်မှာပင် ထောက်လှမ်းဖော်ထုတ်ပေးနိုင်သည်ဟု Mainz Biomed ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

အူမကြီးကင်ဆာရောဂါသည် ဖြစ်ခါစအဆင့်တွင် ရှာဖွေတွေ့ရှိပါက အသက်ရှင်နိုင်မည့်အလားအလာ ၉၁ ရာခိုင်နှုန်းကျော်ရှိသည့် ရောဂါဖြစ်ကြောင်း သိရသည်။

KKO

## ဘော်ရိန်းအမိုင်နိုအက်စစ်တစ်မျိုးက တိရစ္ဆာန်များဇရာဝင်လာမှုအရှိန်ကို လျှော့ချပေးနိုင်

**နယူးယောက် ဇွန် ၁၂**

ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့်ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုတစ်ရပ်မှ ထွက်ပေါ်လာသည့် အမိုင်နိုအက်စစ်တစ်မျိုးသည် ဇရာဝင်လာမှုအရှိန်ကို လျှော့ချပေးနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဘော်ရိန်း(Tauraine) အမည်ရှိ အဆိုပါ အမိုင်နိုအက်စစ်ကို ငါး၊ အသားနှင့် အားဖြည့်အချိုရည်စသည့် စားသောက်ဖွယ်များ၌ တွေ့ရတတ်သည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ ဓာတ်ခွဲခန်းလေ့လာချက်အရ ကြွက်များ၌ဇရာဝင်လာမှု၏ အဓိကနောက်ခံတွန်းအားမှာ ဘော်ရိန်းအမိုင်နိုအက်စစ်ချို့တဲ့မှုဖြစ်နိုင်ကြောင်း သိရသည်။

သို့ရာတွင် သက်လတ်ပိုင်းအရွယ် ကြွက်များကို ဘော်ရိန်းအမိုင်နိုအက်စစ် တစ်နှစ်ကြာတိုက်ကျွေးခဲ့ချိန်တွင် ဇရာဝင်လာမှုဖြစ်စဉ် အရှိန်နှေးသွားသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဘော်ရိန်းအမိုင်နိုအက်စစ်စမ်းသပ်မှုကို မျောက်များဖြင့်ထပ်မံပြုလုပ်ခဲ့ရာ ရလဒ်ချင်းတူညီသည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်သုတေသန ပညာရှင်များသည် ဘော်ရိန်းအမိုင်နိုအက်စစ်စမ်းသပ်မှုကို လူသားများဖြင့် လက်တွေ့ပြုလုပ်ရေးအတွက် စဉ်းစားလျက်ရှိကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယူ-၂၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်တွင် အီတလီကိုအနိုင်ယူ၍ ဥရုဂွေးအသင်း ချန်ပီယံဆုဆွတ်ခူး




**ဗျူနိုစ်အေရိစ် ဇွန် ၁၂**

အာဂျင်တီးနားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အီတလီအသင်းနှင့်ဥရုဂွေးအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ရာ ဥရုဂွေးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ယူ၍ ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အီတလီအသင်းသည် အင်္ဂလန်၊ ကိုလံဘီယာ၊ တောင်ကိုရီးယား အသင်းတို့ကို အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်ခဲ့သကဲ့သို့ ဥရုဂွေးအသင်းက ဂမ်ဘီယာ၊ အမေရိကန်၊ အစ္စရေးတို့ကို အနိုင်ရခဲ့ပြီး အီတလီအသင်းနှင့် တွေ့ဆုံခဲ့ရာ ဥရုဂွေးအသင်းက ပြိုင်ဘက်ကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၈၆ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဥရုဂွေးအသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတွင် ၁၉၉၇ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့သော်လည်း ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး ယခုပွဲစဉ်တွင် ဥရောပအသင်းများထဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေသည့် အီတလီအသင်းကို အနိုင်ရခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ဥရောပအသင်းများ ကြီးစိုးနေမှုကိုဖယ်ရှားနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲ တတိယလုပွဲစဉ်တွင် အစ္စရေးအသင်းနှင့် တောင်ကိုရီးယားအသင်းတို့တွေ့ဆုံခဲ့ရာတွင် အစ္စရေးအသင်းက အဘက်ဘက်မှ အသာစီးရယူကာ တောင်ကိုရီးယားအသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ယူ၍ တတိယဆုရယူနိုင်ခဲ့ကြောင်း သိရသည်။ ML

# RBC Canadian Open ပြိုင်ပွဲ ချန်ပီယံဆုကို နစ်ခ်တေလာ ဆွတ်ခူး

**အုတ်ဒယ် ဇွန် ၁၂**

ကနေဒါနိုင်ငံ အွန်တာရီယို ပြည်နယ် အုတ်ဒယ်မြို့တွင်ကျင်းပခဲ့သည့် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကနေဒါ ဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာက ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နစ်ခ်တေလာသည် နောက်ဆုံးနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်နှင့် အတူစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံအဆုံးအဖြတ်အတွက် Play-off ကစားခဲ့ရာတွင် နစ်ခ်တေလာက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်ကစားသမားပန်ချန်ဆန်က အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အာရွန်ရိုင်၊ တိုင်ရယ်လ်ဟက်တန်တို့နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

နစ်ခ်တေလာသည် ကနေဒါပရိသတ်များနှင့် ကနေဒါဂေါက်သီးရိုက်ကစားသမားများ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သလို RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်ပေါင်း ၇၀ အတွင်း ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် ပထမဦးဆုံးသောကနေဒါဂေါက်သီးရိုက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်ကစားသမား ဟက်ဝင်က "ဒီနေ့ဟာ ကနေဒါ ဂေါက်သီးရိုက်လောကအတွက် ဂုဏ်ယူစရာကောင်းတဲ့နေ့တစ်နေ့ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်။ ကနေဒါဂေါက်သီးရိုက်ကစားသမားအားလုံးက ပြိုင်ပွဲမစတင်မီကတည်းက ဒီနှစ်ကတော့ ကနေဒါ ဂေါက်သီးရိုက်ကစားသမားတွေအတွက် အောင်ပွဲဖြစ်လိမ့်မယ်လို့ ကြိုတင်ခန့်မှန်းထားခဲ့ကြတယ်။ ခန့်မှန်းထားတဲ့အတိုင်း အမှန်တကယ်ဖြစ်လာလို့ ဝမ်းသာဂုဏ်ယူပါတယ်။ နစ်ခ်ဟာ နောက်ဆုံးနေ့ရဲ့ စတုတ္ထမြောက်ကျင်းမှာ ၇၂ ပေ အကွာကနေ Birdie ရိုက်ချက်ရလိမ့်မယ်လို့ ကျွန်တော်တို့လုံးဝထင်မထားခဲ့ဘူး။ အဲ့ဒီရိုက်ချက်ကြောင့်ပဲ နစ်ခ်အနေနဲ့ Play-off ကစားခွင့်ရခဲ့တာလို့ ကျွန်တော်ထင်တယ်။ နစ်ခ်အတွက် ဂုဏ်ယူသလို ကနေဒါဂေါက်သီးရိုက်လောကအတွက် အရမ်းလိုအပ်နေတဲ့ အောင်မြင်မှုကိုဆွတ်ခူးပေးနိုင်ခဲ့တဲ့ နစ်ခ်ကိုလဲကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# စီးရီးဘီ play-off တွင် အနိုင်ရခဲ့သည့် ကက်ဂလီယာရီအသင်း စီးရီးအေသို့ တန်းတက်ခွင့်ရရှိ

**ရောမ ဇွန် ၁၂**

အီတလီစီးရီးအေသို့တန်းတက်ခွင့်ရရှိရေးအတွက် play-off ကစားခွင့်ရရှိခဲ့သည့် ကက်ဂလီယာရီအသင်းသည် ဗိုလ်လုပွဲစဉ်တွင် ဘာရီအသင်းကို နှစ်ကျော့ပေါင်း နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် စီးရီးအေသို့ပြန်လည်တန်းတက်ခွင့်ရရှိခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြရာနီရေးရီ ကိုင်တွယ်နေသည့် ကက်ဂလီယာရီအသင်းသည် စီးရီးဘီပြိုင်ပွဲ ပြီးဆုံးချိန်တွင် အဆင့်(၅)နေရာတွင် ရောက်ရှိခဲ့သောကြောင့် play-off ကစားခွင့်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ရကာ ဗင်နီဇီယာအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်တွင် ပါးမားအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးနှစ်ဂိုးဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် ဆက်တီရှိအသင်းကို အနိုင်ရခဲ့သည့် ဘာရီအသင်းနှင့်တွေ့ဆုံခဲ့ရာ ပထမအကျော့အိမ်ကွင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ကာ ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှု ရှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး နာကျင်အချိန်ပိုမိနစ် ၉၀ ကျော်တွင် တိုက်စစ်မှူးပါဗိုလက်တီ၏ ဦးဆောင်ဂိုးဖြင့် အနိုင်ရခဲ့ပြီး စီးရီးအေသို့ ပြန်လည်တန်းတက်ခွင့်ရရှိခဲ့သည်။

ထို့ပြင် စီးရီးအေပြိုင်ပွဲ အဆင့်(၁၇)မှ စပီဇီယာအသင်းနှင့် အဆင့်(၁၈)မှ ဗီရိုနာအသင်းတို့သည်လည်း ပွဲစဉ် ၃၈ ပွဲကစားအပြီးတွင် ရမှတ် ၃၁ မှတ်စီ တူညီနေခဲ့သဖြင့် တန်းဆင်းတစ်နေရာအတွက် play-off ကစားခဲ့ရာ ဗီရိုနာအသင်းက သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သောကြောင့် စီးရီးအေတွင် ဆက်လက်ကစားခွင့် ရရှိခဲ့ပြီး စပီဇီယာအသင်းအနေဖြင့် စီးရီးဘီသို့တန်းဆင်းခဲ့ရကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူးအယ်ဗာရက်ဇ်သည် မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလားရရှိခဲ့သည့်အပြင် ၂၀၂၂ ကမ္ဘာ့ဖလား ချန်ပီယံဆုဖလားပါရယူနိုင်ခဲ့သောကြောင့် အသက်အငယ်ဆုံးနှင့် အဓိကဆုဖလားအားလုံးရယူနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ခရိုအေးရှား ဒုတိယတန်းကလပ်ကတ်စတိုစီဂျာဇာဂရက်အသင်းမှ လူငယ်ခံစစ်ကစားသမား ဖာရီကို ပြောင်းရွှေ့ကြေး ယူရို ငါးသန်းဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- စပါးအသင်းက ဂိုးသမားရာယာကို စတာလင်ပေါင် သန်း ၄၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ကာလရှည်စာချုပ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ML

# ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းက နည်းပြမော်ရင်ဟိုကို မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့်ကမ်းလှမ်း

**ရီယာဒ် ဇွန် ၁၂**

ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းသည် ရိုးမားအသင်းနည်းပြ မော်ရင်ဟိုကို သီးခြားအခွင့်အရေးများအပြင် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူနိုင်ရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၀ ရှိ နည်းပြမော်ရင်ဟိုသည် ရိုးမားအသင်းကို ၂၀၂၁ ခုနှစ်က စတင်တာဝန်ယူခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ယူရိုပါကွန်ဖရင့်လိဂ်ဖလားရယူပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် အသင်းကို ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်ထိရောက်ရှိအောင်ပို့ဆောင်နိုင်ခဲ့ကာ ပင်နယ်တီတွင် ရှုံးနိမ့်မှုကြောင့် ဒုတိယနေရာဖြင့်ကျေနပ်ခဲ့ရသော်လည်း အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲပြီးဆုံးချိန်၌ ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့သည်။

သို့သော် နည်းပြမော်ရင်ဟိုသည် ရိုးမားအသင်းနှင့် အပြောင်းအရွှေ့ကိစ္စရပ်များတွင် ညှိနှိုင်းမှုအဆင်မပြေခဲ့ပါက အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းက နည်းပြမော်ရင်ဟိုကို မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူရန် တရားဝင်ကမ်းလှမ်းခဲ့ပြီး လာမည့် ရက်သတ္တပတ်အတွင်း အယ်ဟိုင်လာအသင်း ဥက္ကဋ္ဌဝါလစ်နှင့် နည်းပြမော်ရင်ဟိုတို့ လန်ဒန်မြို့တွင် တွေ့ဆုံရန်စီစဉ်ထားကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။




လက်ရှိ ဆော်ဒီအမှတ်ပေးပြိုင်ပွဲတွင် အယ်ဟိုင်လာအသင်းသည် ပြိုင်ပွဲပြီးဆုံးချိန်တွင် ၁၇ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ဖြင့် ရမှတ် ၅၉ မှတ်ရရှိခဲ့ပြီး အဆင့်(၃)တွင်ရပ်တည်နိုင်ခဲ့သဖြင့် လာမည့်နှစ်တွင် အေအက်ဖ်စီချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။ ML

# ချန်ပီယံလိဂ်ဖလားရရှိခဲ့သည့်မန်စီးတီးအသင်းက ချဲလ်ဆီးအသင်းကို ကျော်ဖြတ်ပြီး အင်္ဂလန်နိုင်ငံ၌ စတုတ္ထမြောက်အောင်မြင်မှုအများဆုံးအသင်းဖြစ်ရပ်တည်




**လန်ဒန် ဇွန် ၁၂**

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံတွင် ချဲလ်ဆီးအသင်းကို ကျော်ဖြတ်ပြီး စတုတ္ထမြောက်အောင်မြင်မှုအများဆုံးအသင်းဖြစ် ရပ်တည်နိုင်ခဲ့သည်ဟု The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းပြသနိုင်ခဲ့ကာ အက်ဖ်အေဖလားပြိုင်ပွဲ၊ ပရီးမီးယားလိဂ်ဖလား ပြိုင်ပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုများ အသီးသီးဆွတ်ခူးနိုင်ခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံတွင် မန်ယူအသင်း စံချိန်တင်ထားခဲ့သည့် တစ်ရာသီအတွင်း အဓိကဆုဖလားသုံးလုံးဆွတ်ခူးနိုင်ခဲ့သည့် ဒုတိယမြောက်အသင်းအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

အလားတူ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် စုစုပေါင်းဆုဖလား ၂၆ လုံးထိရှိလာခဲ့ပြီး ချန်ပီယံဆုဖလား ၂၅ ကြိမ် ရရှိထားသည့် ချဲလ်ဆီးအသင်းကို ကျော်ဖြတ်ပြီး အင်္ဂလန်နိုင်ငံ၏ စတုတ္ထမြောက်အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ အင်္ဂလန်နိုင်ငံအတွင်း အအောင်မြင်ဆုံး အသင်းအဖြစ် မန်ယူအသင်းက ထိပ်ဆုံးတွင် ရပ်တည်နေပြီး မန်ယူအသင်း၏ နောက်တွင် လီဗာပူးအသင်းက ဒုတိယနှင့် အာဆင်နယ်အသင်းက တတိယနေရာတွင် ရပ်တည်နေကာ မန်စီးတီးအသင်းက တတိယနေရာသို့ ရောက်ရှိခဲ့ပြီး အာဆင်နယ်အသင်းကို လိုက်မီနိုင်ရန်အတွက် ဆုဖလားငါးလုံးသာ လိုအပ်တော့ကြောင်း သိရသည်။ STA

# ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ တီအိုဖီမိုလိုပက်ဇ် လက်ဝှေ့လောကမှ အနားယူကြောင်းထုတ်ပြန်

**ဝါရှင်တန် ဇွန် ၁၂**

WBO ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ တီအိုဖီမိုလိုပက်ဇ်သည် အသက် ၂၅ နှစ်အရွယ်သာရှိသေးသော်လည်း လက်ဝှေ့လောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု BR သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တီအိုဖီမိုလိုပက်ဇ်သည် ဇွန် ၁၁ ရက်က WBO ဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် စကော့တလန်လက်ဝှေ့သမားဂျို့ရှ်တေလာကို အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ ကမ္ဘာ့ချန်ပီယံ ဖြစ်လာခဲ့ပြီးနောက် ချန်ပီယံဆုအတွက် အောင်ပွဲခံပြီး ၁၂ နာရီအတွင်း လက်ဝှေ့လောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။


အကောင်းဆုံးအရွယ်ရောက်ချိန်တွင် လက်ဝှေ့လောကမှအနားယူရန်ဆုံးဖြတ်ခဲ့ခြင်းမှာ လက်ဝှေ့လောကကိုအနိုင်နှင့် ပိုင်းချင်သည့်အတွက်ကြောင့် အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တီအိုဖီမိုလိုပက်ဇ်က ၎င်း၏ လူမှုကွန်ရက်မှတစ်ဆင့် ပရိသတ်များကိုအသိပေးခဲ့သည်။

တီအိုဖီမိုလိုပက်ဇ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီး နောက်ပိုင်း စိန်ခေါ်ပွဲပေါင်း ၂၀ ထိထိုးသတ်ထားကာ ရှုံးပွဲတစ်ပွဲသာရှိသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

တီအိုဖီမိုလိုပက်ဇ်က "အမြင့်ဆုံးရောက်ချိန်မှာ အနားယူဖို့ဆုံးဖြတ်လိုက်ပါတယ်။ လက်ဝှေ့အားကစားလောကကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ဘဝကို အကောင်းဆုံးအခြေအနေ ရောက်လာအောင် ကူညီပေးခဲ့တယ်။ လက်ဝှေ့လောကဟာ ကျွန်တော်အချစ်ရဆုံး အားကစားလောကဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အနားယူဖို့လိုအပ်နေတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဂရန်းစလန်းချန်ပီယံဆုဖလား အများဆုံးဆွတ်ခူးထားသည့်ကစားသမားအဖြစ် ဂျိုကိုဗစ် ရပ်တည်




**ပဲရစ် ဇွန် ၁၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၇-၆ ၊ ၆-၃ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလား ၂၃ လုံးထိ ဆွတ်ခူးနိုင်ခဲ့ပြီး ဂရန်းစလန်းဆုဖလားအများဆုံးဆွတ်ခူးရရှိထားသည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဂျိုကိုဗစ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ချန်ပီယံဆုကိုသုံးကြိမ်ထိဆွတ်ခူးထားသော ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် ဂျိုကိုဗစ်သည် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၊ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲနှင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုဖလားအနည်းဆုံး သုံးကြိမ်စီ ဆွတ်ခူးထားသည့် ပထမဦးဆုံးသော တင်းနစ်ကစားသမားတစ်ဦးလည်းဖြစ်ခဲ့သည်။

ဂျိုကိုဗစ်က "တင်းနစ်အားကစားမှာ အကြီးကျယ်အခမ်းနားဆုံးပြိုင်ပွဲကြီးလေးရပ်ရှိပါတယ်။ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားတိုင်း ဒီပြိုင်ပွဲကြီးလေးရပ်မှာ အောင်မြင်မှုတွေ ဆွတ်ခူးခွင့်ရချင်ကြတယ်။ ကစားသမားတိုင်းရဲ့ အိပ်မက်ကလဲ ဒီပြိုင်ပွဲကြီးလေးရပ်မှာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ဖို့ပါပဲ။ ကျွန်တော့်အနေနဲ့ ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒီပြိုင်ပွဲကြီးလေးရပ်မှာ ဆုဖလားအနည်းဆုံးသုံးလုံးစီ ဆွတ်ခူးထားနိုင်တဲ့ကစားသမားအဖြစ် ရပ်တည်ခွင့်ရတာကို ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ပြီးတော့ တင်းနစ်လောကမှာ ဂရန်းစလန်းဆုဖလား အများဆုံးဆွတ်ခူးထားနိုင်တဲ့ ကစားသမားအဖြစ် ရပ်တည်ခွင့် ရခဲ့တာဟာလဲ ကျွန်တော့်ဘဝအတွက် ဂုဏ်ယူစရာအောင်မြင်မှုပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ယခုလကစားမည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာအသင်း အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၁၂**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ ဖိုက်တန်ဘိုင်နာက ယခုလအတွင်းကစားမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြုနိုင်ငံတကာခြေစမ်းပွဲစဉ်များ ကစားမည့်အပြီးသတ် ကစားသမားစာရင်းကို ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာပွဲစဉ်များအတွက် ပဏာမကစားသမားများဖြင့် ဇွန် ၁၀ ရက်မှစတင်လေ့ကျင့်လျက်ရှိနေပြီး ယခုအခါ အပြီးသတ်ကစားသမား ၂၄ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းအပြီးသတ်ကစားသမား ၂၄ ဦးစာရင်းတွင် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားနေသည့်ကစားသမားများနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင်ခြေစွမ်းပြကစားနိုင်ခဲ့သည့် ကစားသမားများကို ရွေးချယ်ခဲ့ပြီး ဂိုးသမားနေရာတွင် ပြည့်ဖြိုးသူ၊ ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ခံစစ်ကစားသမားနေရာတွင် ဟိန်းဖြိုးဝင်း၊ ဇွဲခန့်မင်း၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ သီဟထက်အောင်၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ကွင်းလယ်ကစားသမားနေရာတွင် ဝေလင်းအောင်၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ မြတ်ကောင်းခန့်၊ ဇော်ဝင်းသိန်း၊ ထက်ဖြိုးဝေ၊ တိုက်စစ်ကစားသမားနေရာတွင် စည်သူအောင်၊ ဝင်းနိုင်ထွန်း၊ အောင်ကောင်းမာန်နှင့် သန်းပိုင်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

STA




# ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအကောင်းဆုံးကစားသမားဆုကို ရိုဒရီနှင့် လူငယ်အကောင်းဆုံးကစားသမားဆုကို ခါဗာရက်ရှီလီယာတို့ဆွတ်ခူး

**ဇူးရစ် ဇွန် ၁၂**

ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီနှင့် လူငယ်အကောင်းဆုံး ကစားသမားဆုကို နာပိုလီအသင်းမှ လူငယ်တိုက်စစ်ကစားသမား ခါဗာရက်ရှီလီယာတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း UEFA.Com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့် ရိုဒရီသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဗိုလ်လုပွဲအဖြစ်ကစားခဲ့သည့်မန်စီးတီးအသင်းနှင့် အင်တာမီလန်အသင်းတို့ ပွဲစဉ်တွင်လည်း အသင်းအတွက် တစ်လုံးတည်းသောအဖိုးတန်အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းဖော်တိုက်စစ်ကစားသမားဟာလန်းနှင့်ကွင်းလယ်ကစားသမား ဒီဘရိုင်းတို့ကိုကျော်ဖြတ်ပြီး အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ နာပိုလီအသင်း လူငယ်တိုက်စစ်ကစားသမား ခါဗာရက်ရှီလီယာသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် နာပိုလီအသင်းနှင့် ပထမဆုံးဘောလုံးရာသီပါဝင်ကစားခဲ့သော်လည်း အသင်းနှင့်အတူ ပြည်တွင်းစီးရီးအေ ပြိုင်ပွဲ၌သာမက ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ခါဗာရက်ရှီလီယာသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကိုယ်တိုင်နှစ်ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ မန်စီးတီးအသင်းမှ ဒီဘရိုင်းနှင့်ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်တို့ပြီးလျှင် ဂိုးဖန်တီးမှု လေးကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီးနောက် လူငယ်အကောင်းဆုံးကစားသမားဆုကို မန်စီးတီးအသင်းမှ အယ်တရက်ဇ်နှင့်ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်တို့ကိုကျော်ဖြတ်၍ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# လမ်းလျှောက်ပါလေ အသက်ရှည်

**ညဏ်မျက်စိ**

ကျွန်တော်တို့အားလုံးသည် ကံကောင်းထောက်မစွာ လူအဖြစ်လူ့ဘဝကို ရခဲ့ကြပေသည်။ ကံဆိုးသူများကတော့ ငရဲ၊ တိရစ္ဆာန်၊ အသူရကာယ်၊ ပြိတ္တာစသော လူ့လောကထက် ဆိုးရွားပြင်းထန်သော အခြေအနေများသို့ ရောက်ရှိနေကြရသည်။ ချမ်းသာတစ်ပဲ၊ ဆင်းရဲတစ်ပိသာ ခံစားနေကြရရှာသည်။ ငရဲတွေ၊ ပြိတ္တာတွေက မြင်ရတာလည်းမဟုတ်ဘဲနှင့် စကားထဲထည့်ပြောမနေပါနှင့်ဆိုပါက မမြင်ရပါသော်လည်း အမှန်တကယ်ရှိသောအရာများ လောကပြင်ကျယ်ဝယ် မရေမတွက်နိုင်အောင်ရှိကြောင်း ဖော်ပြလိုပါသည်။ မျက်စိဖြင့်မမြင်ရသော ကောင်းကင်ကဂြိုဟ်၊ နက္ခတ်၊ တာရာတွေကို အဆသိန်းသန်း အဝေးကြည့်မှန်ဘီလူးများဖြင့်ကြည့်မြင်ပြီး ဂြိုဟ်တုတွေလွှတ်နေကြသည်ကို ရှုပါ။ မိမိတို့ လူ့ခန္ဓာကိုယ်အဆုတ်ထဲရှိ ကိုဗစ်-၁၉ ရောဂါပိုး အဖုအဖုလေးတွေပါရှိသော ဘောလုံးပုံသဏ္ဍာန်လေးများကို အနီးကြည့်မှန်ဘီလူးနှင့်ကြည့်မှ မြင်ကြရပြီးပြီ။ သာမန်မျက်လုံး၊ မျက်စိနှင့် မမြင်နိုင်ကြဘူးမဟုတ်လား။ မမြင်ရသော်လည်း အမှန်တကယ်ရှိကြတာကို ယုံပြီလား။

လူ့ဘုံကတော့ မိရိုးဖလာ ဗုဒ္ဓဘာသာအယူအဆအရ အလွန်တရာ တန်ဖိုးအမြင့်ဆုံးဘဝဟု သတ်မှတ်ကြသည်။ လူ့ဘဝ၏ အသက်တစ်ချောင်းသည် တန်ဖိုးဖြတ်လို့မရအောင် သူ့အတွက်တော့ အဖိုးတန်ပါသည်။ ထို့ကြောင့် လူ့အသက်ကို ရန်ရှာသတ်ဖြတ်သူ လူသတ်သမားဆိုလျှင် တရားဥပဒေအရ သေစားသေစေ၊ မသေမချင်း လည်ပင်းကိုကြိုးကွင်းစွပ်၍၊ ကြိုးစင်တင်၍ သတ်စေဟု ရာဇသတ်ကြီးဥပဒေပုဒ်မ- ၃၀၂ စသည်တို့က ရှေးခေတ်ကာလ နှစ်ပေါင်းများစွာကတည်းက လိုက်နာကျင့်သုံးခဲ့ကြလေသည်။ ရှေးမြန်မာမင်းများလက်ထက်က ဥပဒေလည်း လူသားအသက်ကို ကာကွယ်တားမြစ်ပေးခဲ့သည်။ နယ်ချဲ့ဗြိတိသျှလက်ထက်တွင်လည်း အလားတူ (Criminal Law) ရာဇသတ်ကြီး ခေါ် ရာဇဝတ်မှုဥပဒေဖြင့် ထိရောက်စွာ ပြဋ္ဌာန်းအရေးယူခဲ့သည်။

လူ့အသက်တန်ဖိုးရှိမှန်း နားမလည်ရုံမျှမက ရဟန်း၊ သံဃာတော်၊ လူကြီးအမိအဖ မချန်ဘဲ ဒလန်ဟု စွပ်စွဲသတ်ဖြတ်၊ သေနတ်နှင့်ပစ်၊ ဓားနှင့်ခုတ်၊ ဗုံးနှင့်ပစ်၊ မိုင်းနှင့်ခွဲ၊ လူသားအချင်းချင်း ရက်စက်အကြမ်းဖက်နေခြင်းက ဝိုင်းဝန်းဖြေရှင်းကြရန် လိုပေလိမ့်မည်။ သူတော်ကောင်းတွေ၊ လူကောင်းတွေပဲဖြစ်ဖြစ်၊ သာမန်လူတွေ ဘယ်သူမဆို လူကိုလူလိုလေးစားတန်ဖိုးထားတတ်ကြရန် လိုပေသည်။ လူတိုင်းက တာဝန်ကျေစွာ ပါဝင်ကာကွယ်ကြရမည်။

**ကိုယ်ပိုင်ဘဝ**

လူ့ဘဝကို ရလာခဲ့သော်လည်း အတွေးအခေါ်၊ အသိအမြင် နိမ့်ကျခေါင်းပါးလွန်းလျှင် အယူအစွဲပြင်းထန်လွန်ကဲလျှင် အင်မတန်အန္တရာယ်များသည်။ လူ့အဖြစ်ကို တန်ဖိုးရှိအောင် ဤဆောင်းပါးကိုဖတ်မိသူများ သတိထားမိလေအောင် စေတနာဖြင့် တင်ပြပါရစေ။ ဘဝဆိုသည်မှာ ဟန်ချက်ညီရန်လိုအပ်ပါသည်။ အကျယ်မဖော်ပြဘဲ အချက်အလက်ကိုသာ ရေးပါတော့မည်။

**၁။ မိသားစုဘဝ**

**၂။ ကျန်းမာရေးဘဝ**

**၃။ စီးပွားရေးဘဝ**

**၄။ လူမှုရေးဘဝ**

**၅။ ကိုယ်ပိုင်သာယာပျော်ရွှင်မှုဘဝ**

(က) အားကစား

(ခ) ခရီးသွား

(ဂ) ပန်းချီ၊ ဂီတ၊ တီဗီကြည့်စသည်

(ဃ) အရက်သောက်၊ မူးယစ်ဆေးသုံး

(င) ဖဲရိုက်၊ မာကျောက်ကစား၊ လောင်းကစား အစရှိသည်. . .

**၆။ ပညာရှာမှီးဆည်းပူးခြင်း**

**၇။ ဘာသာရေးအလေ့အထအားထုတ်ခြင်း**

(ဒါန၊ သီလ၊ ဘာဝနာ)

စာဖတ်သူများ ဆက်လက်စဉ်းစားကြည့်လိုက်လျှင် နမူနာမျှဖော်ပြသော်လည်း လူတိုင်း၏ ကျင်လည်ရာဘဝများ အကျုံးဝင်နေကြောင်း တွေ့ရမြင်ရပေလိမ့်မည်။

စာရွက်ပေါ်မှာစာလုံးအဖြစ် အကြောင်းအချက်တွေကို အမှတ်စဉ်ထိုး၍ ခွဲခြားဖော်ပြနေပါသော်လည်း တကယ့်ဘဝအခြေအနေမှာကား စီးပွားရေးဘဝ၊ လူမှုရေးဘဝစသည်တို့သည် ခွဲခြမ်းစိတ်ဖြာ၍မရအောင် ရောထွေးဆက်စပ်နေပေသည်။ လူတစ်ယောက်၏ ဘဝသက်တမ်းသည် နှစ် ၆၀၊ ၇၀၊ ၈၀ ရှိတတ်ကြသည်။ အရက်သေစာ သောက်စား၊ မူးယစ်ဆေးဝါးသုံးစွဲ၊ တရားဥပဒေကိုချိုးဖောက်ကျူးလွန်ခြင်းစသော မှားယွင်းသော ပြုမူနေထိုင်မှု ရှိသူအချို့မှာမူ အသက်နှစ် ၂၀၊ ၃၀၊ ၄၀ လောက်မှာတင် သေဆုံးတတ်ကြသည်။ သေခြင်းတရားသည် ကြီးသူ ငယ်သူ မရွေးချေ။ ကံအကြောင်းမလှလျှင် မွေးကင်းစလေးအရွယ်နှင့် သေချင်သေသည်။ သီလကောင်းခဲ့သူများက အသက်နှစ် ၈၀၊ ၉၀၊ ၁၀၀ နေကြရသည်။ ကမ္ဘာ့သာသနာပြုဆရာတော် အရှင်သေဋ္ဌိလ၊ ရွှေဟင်္သာဆရာတော်၊ စံကင်းဆရာတော် စသည့်သံဃာတော်အရှင်မြတ်များကား အသက်ရာကျော် ရှည်ခဲ့ကြပေသည်။

သီလကောင်းလျှင် ကောင်းသလောက် ထိုပုဂ္ဂိုလ်၏ သက်တမ်းရှည်သည်။ သီလပျက်ယွင်းပြီး မိုက်မဲမှားယွင်းသော စိတ်ပုပ်စိတ်ယုတ်များဖြင့် ဒေါသ၊ မောဟ နှိပ်စက်ဖိစီးသူများသည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် လူ့ဘဝအဆုံးသတ်သွားလေ့ရှိကြသည်။ ဘယ်သူမပြု မိမိမှုပင်ဖြစ်၏။ ကိုယ်ပြုသည့်ကံ ပဲ့တင်သံပမာ ကိုယ့်ထံပြန်လာစမြဲပေ။ သူ့အသက်သတ်သူ အသက်တိုတတ်၏။

**သီလနှင့်ပညာ**

မနုဿဘာဝေါ ဒုလ္လဘောဟု မှတ်သားရဖူးပါသည်။ လူ့ဘဝဆိုသည်ကား ရခဲသည်။ တန်ဖိုးရှိသည်။ ရရှိလာသော လူ့သက်တမ်းအချိန်ကို လောကကောင်းကျိုးဆောင်ခြင်း၊ မိဘ၊ ဆွေမျိုး၊ လူမျိုးနှင့်နိုင်ငံကို ဖွံ့ဖြိုးတိုးတက် သာယာစည်ပင်အောင် ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် ထိုတာဝန်ဝတ္တရားများကို ထိရောက်အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန် မိမိကိုယ်ကို ကိုယ်ကျင့်သီလ စာရိတ္တလည်း ကောင်းမွန်၊ အသိအမြင် အမြော်အမြင် ဗဟုသုတနှင့် ခေတ်နှင့်လျော်ညီသော အတတ်ပညာ၊ အသိပညာတို့ကိုလည်း အဆင့်မီမီ တတ်မြောက်ကျွမ်းကျင်အောင် မိမိကိုယ်ကို ပထမဦးစွာ ပြုစုဖြည့်ဆည်းရပေမည်။

ဤကဲ့သို့ရလာသောလူ့ဘဝကို တန်ဖိုးမြင့်အောင် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်၍ အစဉ်သဖြင့် တန်ဖိုးမြှင့်နေရပါမည်။ ပညာလည်းမြင့် အကျင့်လည်းဖြောင့်မှန်သည့် လူတော်လူကောင်းများသည် နိုင်ငံနှင့်ပြည်သူကို ကောင်းသည်ထက်ကောင်းအောင် ထမ်းဆောင်နိုင်ကြပါလိမ့်မည်။ အခက်အခဲ အတားအဆီး၊ အပိတ်အဆို့၊ ရန်စွယ်အန္တရာယ်အမျိုးမျိုးတို့ကိုလည်း ပညာဦးစီးသော ထူးခြားကျွမ်းကျင်မှုများဖြင့် အောင်မြင်စွာဖယ်ရှင်းကျော်နင်းနိုင်ပေလိမ့်မည်။ လူသားအရင်းအမြစ်သည် အခြေခံအကျဆုံးသော အရင်းအနှီးများပင် မဟုတ်ပေလော။

နိုင်ငံသူ၊ နိုင်ငံသားတွေ စွမ်းရည်မြင့်မားကြရုံမျှမက တန်ဖိုးရှိသောဘဝမှာ အသက်ရှည်ကြစေချင်ပါသည်။ ကျန်းမာချမ်းသာကြစေချင်ပါသည်။ အသက်ရှည်ခြင်းသည် တန်ဖိုးရှိလှ လူ့ဘဝကို ပိုမိုတန်ဖိုးတက်စေပါသည်။ အသက်ရှည်သမျှ တိုင်းပြည်အတွက် အမြတ်ထွက်စေသည်။

အသက်ရှည်ရုံသာမက ကျန်းမာပါမှ အကျိုးပြုနိုင်ပါလိမ့်မည်။ ကျန်းမာအောင် ပြုမူနေထိုင်နည်းများကို အသက်အရွယ် ၄၀ ကျော်လာသူများ ပိုမိုဂရုစိုက်ကြစေချင်ပါသည်။ (အမေရိကန်ရော၊ ယခင် ဆိုဗီယက်ပြည်ထောင်စု၊ ယခု ရုရှားနှင့်တရုတ်နိုင်ငံတို့သည် အာကာသယာဉ်မှူးများကို အသက် ၄၀ နှင့် ၄၅ နှစ်အတွင်း၊ အသက် ၄၀ ဝန်းကျင်အရွယ်များကိုသာ ရွေးချယ်တာဝန်ပေးကြောင်း သတိပြုမိပါစေ) ဘဝ၏ ရှင်သန်မှုတွင် တန်ဖိုးရှိစေသောအရာမှာ တာဝန်ကိုမြင့်မားထူးခြားစွာ စွမ်းဆောင်နိုင်ခြင်းဖြစ်ပါ၏။

ထိုစွမ်းရည်အား ဘယ်ကရပါသလဲ။ ပညာကရပါ၏။ ပညာကို ငယ်စဉ်အခါမှစ၍ တာဝန်သိသိ၊ ဇွဲလုံ့လရှိရှိ လေ့ကျင့်ဆည်းပူးခဲ့ရမည်ဖြစ်၏။

**တာဝန်သိခြင်းသည် ကိုယ်ကျင့်(စာရိတ္တ)**

**တာဝန်ယူခြင်းသည် သတ္တိ(ရဲဝံ့ရ)**

❖ နိုင်ငံသူ၊ နိုင်ငံသားတွေ စွမ်းရည်မြင့်မားကြရုံမျှမက တန်ဖိုးရှိသော ဘဝမှာ အသက်ရှည်ကြစေချင်ပါသည်။ ကျန်းမာချမ်းသာကြစေချင်ပါသည်။ အသက်ရှည်ခြင်းသည် တန်ဖိုးရှိလှလူ့ဘဝကို ပိုမိုတန်ဖိုးတက်စေပါသည်။ အသက်ရှည်သမျှ တိုင်းပြည်အတွက် အမြတ်ထွက်စေသည်။ အသက်ရှည်ရုံသာမက ကျန်းမာပါမှ အကျိုးပြုနိုင်ပါလိမ့်မည်။ ကျန်းမာအောင် ပြုမူနေထိုင်နည်းများကို အသက်အရွယ် ၄၀ ကျော်လာသူများ ပိုမိုဂရုစိုက်ကြစေချင်ပါသည်။ (အမေရိကန်ရော၊ ယခင် ဆိုဗီယက်ပြည်ထောင်စု၊ ယခု ရုရှားနှင့်တရုတ်နိုင်ငံတို့သည် အာကာသယာဉ်မှူးများကို အသက် ၄၀ နှင့် ၄၅ နှစ်အတွင်း၊ အသက် ၄၀ ဝန်းကျင် အရွယ်များကိုသာ ရွေးချယ်တာဝန်ပေးကြောင်း သတိပြုမိပါစေ) ဘဝ၏ ရှင်သန်မှုတွင် တန်ဖိုးရှိစေသောအရာမှာ တာဝန်ကိုမြင့်မားထူးခြားစွာ စွမ်းဆောင်နိုင်ခြင်းဖြစ်ပါ၏။ ❖

## ပညာကျန်းထော

**တာဝန်ဆောင်နိုင်ခြင်းက စွမ်းရည်(ပညာ)**

**မေတ္တာပို့**

တန်ဖိုးကြီးမားသော နိုင်ငံသူ၊ နိုင်ငံသားများကို စာရေးသူက အသက်လည်းရှည်ကြပါစေ၊ ကျန်းလည်းကျန်းမာကြပါစေဟု နေ့စဉ်မပျက် ဆန္ဒပြုဆုတောင်းကာ မေတ္တာပို့သ အမျှဝေပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာ ဘေးရန်ဘယာ ဝေးကွာပါစေ။

စာရေးသူက မေတ္တာပို့သ ဆုတောင်းပေးနေရုံမျှနှင့်တော့ တကယ်က မရသေးပါ။ စာဖတ်သူများကိုယ်တိုင် လိုက်နာကျင့်ဆောင်ရမည့် အချက်ကိုပါ ဖော်ပြပါရစေ။

**လမ်းလျှောက်ပါလေ**

ရှေ့က ရှည်ရှည်ဝေးဝေး အစီရင်ခံတင်ပြနေသမျှ လိုရင်းကို အခုမှရောက်ပေတော့သည်။ တစ်ခွန်းတည်း၊ တစ်ကြောင်းတည်း ဖော်ပြရုံမျှနှင့် မလုံလောက်နိုင်ပါလေ။ သို့ဖြစ်၍ နေ့စဉ် လမ်းလျှောက်ခြင်း၏ကောင်းကျိုးများကို အနည်းငယ်မျှ တင်ပြရပါမည်။ နံနက် ၆ နာရီမှ ၇ နာရီအတွင်း အေးချမ်းတိတ်ဆိတ်လုံခြုံသော နေရာမျိုးမှာ မနှေးလွန်း၊ မမြန်လွန်း ခပ်သွက်သွက်လေး လမ်းလျှောက်ပါ။ ရင်ကိုဖွင့်၊ ခေါင်းမော့၊ အသက်ဝဝ မှန်မှန်ရှုရှိုက်လျှောက်ပါ။

**နေ့စဉ်မှန်မှန်**

ဖြစ်နိုင်လျှင် နံနက်တိုင်း၊ ညနေတိုင်း၊ ရာသီဥတုအခြေအနေနှင့်လျော်ညီစွာ လျှောက်ဖြစ်အောင် လျှောက်ပါ။ လမ်းလျှောက်ရင်း ဗုဒ္ဓါနုဿတိဖြစ်စေ၊ နှစ်သက်ရာသုတ်ကိုဖြစ်စေ ရွတ်ဆိုနိုင်ပါသည်။ ကုသိုလ်လည်းရ ကျန်းမာရေးလည်းပိုကောင်း နေ့စဉ်လမ်းလျှောက်ခြင်းမှ **"မရ ရလာမည့်ကောင်းကျိုးများ"** အနက်မှ အချက် ၂၁ ချက်လောက်ကို ကောက်နုတ်ဖော်ပြပါရစေ။

၁။ သင့်ကိုယ်မှမလိုအပ်သော အဆီပိုများကို လျော့ချမည်။ လောင်ကျွမ်းသွားစေသည်။

၂။ ကိုယ်ခန္ဓာအလေးချိန်လျော့ကျကာ ပိုမိုကျန်းမာစေမည်။

၃။ နှလုံးနှင့်အဆုတ်ကို သန့်စွမ်းကျန်းမာစေသည်။

၄။ နာတာရှည်ရောဂါ ဖြစ်နိုင်ခြေကို လျော့ကျစေသည်။

၅။ ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလျော့ကျစေသည်။

၆။ အိုမင်းရင့်ရော်မှုကို လျော့ကျစေသည်။

၇။ မှတ်ဉာဏ်ယုတ်လျော့မှုကို ကာကွယ်ပေးသည်။

၈။ ဆီးချို၊ သွေးတိုး၊ လေဖြတ်ခြင်းကို ကာကွယ်ပေးသည်။

၉။ သွေးပေါင်ချိန် ပုံမှန်ဖြစ်စေသည်။

၁၀။ စိတ်ကိုကြည်လင်ပျော်ရွှင်စေသည်။

၁၁။ စိတ်ကူးစိတ်သန်း အသစ်အဆန်းများ ပေါ်လာစေသည်။

၁၂။ အရိုးအဆစ်များ သန်မာစေသည်။

၁၃။ ကိုယ်ခံစွမ်းအားကို တိုးပွားစေသည်။

၁၄။ သွေးကြောထုံးခြင်းကို သက်သာစေသည်။

၁၅။ အစာခြေစနစ်ကို ပိုမိုကောင်းမွန်စေသည်။

၁၆။ လူကို ဖျတ်လတ်လန်းဆန်းစေသည်။

၁၇။ အသက်ရှည်စေသည်။ ရောဂါကင်းရှင်းစေသည်။

၁၈။ ကျန်းမာရေးပိုကောင်းစေသည်။

၁၉။ ငွေကုန်ကြေးကျသက်သာသည်။ (ဆေးဝါးမှီဝဲစရာ နည်းစေ)

၂၀။ စားလို့သောက်လို့မြိန်စေသည်။ (ခံတွင်းလိုက်သည်)

၂၁။ အသက်ရှည်သဖြင့် ကုသိုလ်တရားများ ပိုမိုပြုနိုင်ပေမည်။

ကျန်းမာချမ်းသာဘေးရန်ကွာ. . .။

# Miss Universe Mawlamyine & Thahtone 2023 ပြိုင်ပွဲတွင် အလှမယ် ဒီးနှင့် ဖူးပွင့်သုန်တို့ Winner ဆု ရရှိ



**ရန်ကုန် ဇွန် ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် Miss Universe Mawlamyine & Thahtone 2023 ပြိုင်ပွဲကို ဇွန် ၁၁ ရက်က ကျင်းပခဲ့ရာ Miss Universe Mawlamyine 2023 Winner ဆုကို အလှမယ် ဒီးနှင့် Miss Universe Thahtone 2023 Winner ဆုကို အလှမယ် ဖူးပွင့်သုန်တို့ ရရှိခဲ့ကြောင်း Miss Universe Yangon 2023 Production Director Kevin က ပြောပြ၍ သိရသည်။

Miss Universe Mawlamyine & Thahtone 2023 ပြိုင်ပွဲတွင် မော်လမြိုင်နှင့် သထုံမြို့ ကိုယ်စားပြုအလှမယ် ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"မော်လမြိုင်မြို့မှာ ကျင်းပခဲ့တဲ့ Miss Universe Mawlamyine & Thahtone 2023 ပြိုင်ပွဲမှာ Winner ဆုရခဲ့တဲ့ အလှမယ် ဒီးနဲ့ ဖူးပွင့်သုန်တို့က Miss Universe Mon State 2023 ပြိုင်ပွဲမှာ ထပ်မံယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အလှမယ်တွေကို အပြီးသတ်ရွေးတဲ့အခါ အလှမယ်တွေအားလုံးထဲက Miss Universe Myanmar အလှမယ်တစ်ယောက်ကို ရွေးမှာပါ"ဟု Miss Universe Yangon 2023 Production Director Kevin က ပြောပြသည်။

Miss Universe Mawlamyine 2023 Winner ဆုကို အလှမယ် ဒီးနှင့် Miss Universe Thahtone 2023 Winner ဆုကို အလှမယ် ဖူးပွင့်သုန်တို့သည် Miss Universe Mon State 2023 ပြိုင်ပွဲတွင် အခြားမြို့နယ်အသီးသီးမှ ကိုယ်စားပြုအလှမယ်များနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Man With the Bag ၌ မင်းသား အလန်ရစ်ဆင် ပါဝင်မည်

**နယူးယောက် ဇွန် ၁၂**

Amazon ရုပ်ရှင်စတူဒီယို၏ The Man With the Bag အမည်ရှိ ဟာသဇာတ်ကား၌ Reacher မင်းသား အလန်ရစ်ဆင် ပါဝင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

The Man With the Bag ဇာတ်ကားသည် အားလပ်ရက်ရာသီကို နောက်ခံထားရိုက်ကူးမည့် မိသားစုဟာသဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် စန်တာကလော့ဘိုးဘိုးကြီး၏ အခိုးခံခဲ့ရသည့် မှော်အိတ်ကို ပြန်လည်ရယူရေးအတွက် မှင်စာများအကူအညီဖြင့် ကြိုးစားခဲ့သော သားအဖနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် The Man With the Bag ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို Amazon စတူဒီယို၌ စတင်နေပြီဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အလန်ရိုက်က ရေးသားပေးထားပြီး ဒါရိုက်တာ အဒမ်ရှန့်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

The Man With the Bag ဇာတ်ကား ပြသမည့်ရက်ကို Amazon စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# မြစ်နှစ်စင်းရဲ့ဒိုင်ယာရီ ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၄ ရက်မှစ၍ SKYPREMIER HD မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇွန် ၁၂**

မြစ်နှစ်စင်းရဲ့ဒိုင်ယာရီ ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၄ ရက်မှစ၍ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် SEYPREMIER HD မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် တေဇလင်းရောင်က ပြောပြ၍ သိရသည်။

မြစ်နှစ်စင်းရဲ့ဒိုင်ယာရီ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်လမ်းဇာတ်ညွှန်းကို Seven Day က ရေးသားထားကာ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက ဒရာမာအက်ရှင်ဇာတ်လမ်းပါပဲ။ လူငယ်ကြိုက် အချစ်ဇာတ်လမ်းဆိုပေမဲ့ အလှည့်အပြောင်းလေးတွေနဲ့ ဇာတ်ကို ဆွဲခေါ်သွားမှာပါ။ စောင့်မျှော်အားပေးကြပါအုံး"ဟု သရုပ်ဆောင် တေဇလင်းရောင်က ပြောပြသည်။

မြစ်နှစ်စင်းရဲ့ဒိုင်ယာရီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချမ်းမင်းရဲထွဋ်၊ တေဇလင်းရောင်၊ နန်းဆုဦး၊ တင်ဇာဝင်းပြည့်၊ ယွန်းယွန်းတို့အပြင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် ကျော်ရဲအောင်၊ မင်းဦး၊ ဝါဝါအောင်နှင့်အတူ အခြားအနုပညာရှင်များအားဖြည့်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Rise of the Beasts ဇာတ်ကား ပြည်တွင်းဝင်ငွေ ကန်ဒေါ်လာ ၂၅ သန်းရရှိ

**နယူးယောက် ဇွန် ၁၂**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Transformers: Rise of the Beasts ဇာတ်ကားသည် စတင်ရုံတင်ပြသခဲ့သည့် ဇွန် ၉ ရက်မှာပင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းရရှိခဲ့ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ဖြစ်ရာ Transformers: Rise of the Beasts ဇာတ်ကား၏ မြောက်အမေရိက ပြည်တွင်းဝင်ငွေသည် ဇွန် ၉ ရက်မှ ဇွန် ၁၁ ရက်ထိ သုံးရက်တာကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၆၀ ထိ ရှိလာနိုင်ကြောင်း သိရသည်။

ထို့ပြင် Transformers: Rise of the Beasts ဇာတ်ကားသည် နိုင်ငံတကာရုပ်ရှင်ဈေးကွက်တွင်လည်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၃ သန်းထိ ရရှိထားသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် Transformers: Rise of the Beasts ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့် သုံးစွဲထားကြောင်း သိရသည်။

Transformers: Rise of the Beasts ဇာတ်ကားတွင် မင်းသား အန်တိုနီရာမို့၊ မင်းသမီး ဒေါမနန်ဖစ်ဘက်၊ လီဇာကိုရှီးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက တာဝန်ယူရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# အောင်လံမြို့နယ် မင်းကန်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အောင်လံ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငဖဲကန်ကျေးရွာအုပ်စု မင်းကန်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ မင်းကန်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် လည်ပတ်ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိသည်။

အောင်လံမြို့နယ် မင်းကန်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၉၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၉၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးထားကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။

**မြူလေး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses meeting to increase basic foodstuff production


Senior General Min Aung Hlaing addresses the meeting.

**Nay Pyi Taw June 12**

A meeting to increase production of basic foodstuffs was held at State Administration Council Chairman's Office here this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC members Admiral Tin Aung San and Lt-Gen Moe Myint Tun, union ministers, U Maung Maung Ohn and U Min Naung, Nay Pyi Taw Council Chair U Tin Oo Lwin, senior military officers from Office of Commander-in-Chief, deputy ministers and officials. Region/State chief ministers took part in the meeting through video conferencing.

The Senior General said it is a meeting in connection with the rules and duties of state and region governments to increase fish and meat and agro-goods production. Moreover, the meeting will also seek means to bring down commodity prices. After SAC assumed State duties in accord with the national needs, internal groups with different views made attempts to harm the economy, while eternal organizations were imposing economic sanctions, halting aids and cooperation under various pretexts. Due to their monetary restrictions in trade, the country had to limit its foreign exchange spending. Financial monopolizers took advantage of the price gap in doing trade. There were attempts even to hurt the banking industry.

The government was dealing with the acts to harm the national economy from 2021, and in 2022, it could stabilize currency circulation to a certain degree. But a global recession was caused by COVID-19 and the fuel crises triggered by the events in East Europe. Rise in transport and production cost due to increasing fuel prices and the imbalance supply and demand led to an upsurge in commodity prices.

Production cost went up in the country alongside the rising prices of inputs in farming and production industries. It is assumed that commodity prices went up to extremely high levels due to the currency monopolization of avaricious persons and political opportunists. Commodity prices rose due to higher production cost, disproportion in demand and supply and unusual retail chain.

Guidance has already been given to use natural fertilizers, to conduct systematic livestock farming and to reuse animal dung as organic fertilizer, to facilitate chemical fertilizer import producers with government arrangement.

Dissemination of means to prioritize river water pumping projects for crops and to generate electricity with solar power in places where electricity supply is not available showed success to a certain degree. Farming industry needs an adequate amount of feed and water.

Cost reduction means for the production business cannot be applied fully till now. Rising transport cost is also one of the causes of the rising production cost. Production costs went up due to higher fuel prices and security constraints. Certain volumes of goods can be transported by trains and water vessels in accord with the Senior General's guidance. But the transport cost will be still high due to the application of land transport in conveying important goods. Rail transport costs less. As effectiveness is still absent in public transport, region and state officials should pay serious attention to the issue.

The unbalanced supply and demand can be seen for rice, cooking oil, salt, gram, beans, chilli, onion, potato, meat, fish and eggs in relevant regions. All regions have adequate cultivable lands for agricultural tasks and sufficient agricultural produce which can be used in manufacturing animal feedstuffs for livestock farms in regions and states. Demands of meat and fish in relevant regions cause hiking prices. All regions and states have to effectively spend capitals from the State economic promotion fund on operating agriculture and livestock farming tasks so as to contribute to the food supply of relevant regions. These regions and states need to produce the sufficient volume of food supplies to prioritize the balance of supply and demand.

The Senior General stressed the need to efficiently utilize the land plots for agriculture and livestock farming tasks in regions and states. It is necessary to systematically manage land utilization not to leave vacant lands. All have to operate a livestock breeding system. Only when they operate systematic agriculture and livestock farms will the volume of products increase. Agricultural lands must be reclaimed as acreage plots for fully utilizing in order to increase per-acre yield of agricultural produce. If authorities supervise farmlands under rules and regulations, it will contribute to production.

The Senior General underscored that it is necessary to consider reform process for trading of commodities. In a bid to reduce commodity prices, the production volume must be raised for setting appropriate prices of goods in the country. The government sets aims to ensure prosperity of the country and sufficiency of foods. Myanmar is engaged in agriculture and livestock breeding. Although the country is plentiful of land and water resources as well as human resources, high prices of commodities should not be appropriate. Hence, the meeting focused on discussions of high prices of goods. Those from all ministries and regions and states need to discuss manufacturing of goods.

Deputy Minister for Commerce U Nyunt Aung reported on plans to ensure correct commodity prices and flow of commodities.

The Chairman of Nay Pyi Taw Council, region and state chief ministers presented clarifications on region-wise food sufficiency, production, efforts to increase production of agriculture and livestock farming products through the State economic promotion fund, price inflation of basic foodstuffs, fuel and personal goods, arrangements for balancing the manufacturing and demand, and future plans.

Council members, Union ministers, senior military officers from the Office of the Commander-in-Chief and deputy ministers reported on transport of goods by train, ship and plane, cultivation of rice, beans and corn at home and exporting, needs of supervising domestically agricultural produce to have appropriate prices and setting suitable prices for imported goods, releasing of prices for basic foodstuffs by the government and relevant organizations and description of news and articles, taking severe action against greedy businesspersons who commit higher prices of goods with selfishness, ways and means for solving the root causes of high prices for rice, paddy, meat, fish and foodstuffs to have appropriate prices, production of meat, fish and personal goods by Myanmar Economic Holdings Public Co Ltd and Myanmar Economic Corporation at correct prices so as to decline commodity prices, operation of military owned agricultural and livestock farms of regiments and units to sell products to families of the Tatmadaw and locals at reduced prices, and efforts of MSMEs to develop commodity production so as to meet the local demand.

With regard to the reports, the Senior General said that officials of regions and states must emphasize supervising removal of inappropriate charges at tollgates along the routes of transporting commodities. It is necessary to use rail transportation and waterway transport for unimportant goods. Aviation service should be used in transport of commodities. Airports are being upgraded for development of aviation services. If cargo planes can land at the airports, they can swiftly transport important goods. High commodity prices were based on high prices of inputs in 2021 and 2022. It is necessary to control brokerages in regions and states. If all people fully produce necessary foodstuffs at home, *See Page 13*

*From Page 12*

such an act will reduce high prices of meat, fish and eggs to some extent.

The floor price of some meat is fixed by the development committee. Chief ministers of regions and states need to coordinate with the Union level organizations to find ways in order that floor prices will not rise. Regarding the rice price, our country grows monsoon paddy mainly and the target for per acre yield is 100 baskets. Therefore, it is necessary to meet the target. If the target is met, there will be surplus in paddy production which means that the paddy could be delivered to other regions and exported too. Security of food is important for the Union. Therefore, it is necessary to systematically grow not only paddy but other crops to ensure increase in the output. As the monsoon has already entered the country, all the set sizes of seedlings are to be systematically cultivated. It is also necessary to grow trees supporting the weather and conserve trees and forests as well.

Regarding the cooperative system, our nation needs to exercise the system and if the system is exercised in a commodity production role, there will be successes. Accordingly, the government will give a hand for it.

In his concluding remarks, the Senior General said what the matters are to be carried out as per the discussions and suggestions. Matters on the basic food were mainly discussed in terms of the commodity production role. The Union Government has laid down policies and is fulfilling the needs of the people in accordance with the law.

With the political objective of building a union based on democracy and federalism, regions and states are granted authority. It is necessary to make efforts to ensure region-wise development. To do so needs income and that is why commodity production measures are to be taken. Commodity production is important for the nation. If efforts are made on a region and state basis, there will be many benefits for the nation. It is necessary to meet quality in products not only for the domestic market demand but for the overseas markets.

In extracting and utilizing the natural resources for manufacturing products, it is necessary to encourage above-ground resources such as manufacturing agriculture and livestock products rather than underground natural resources. In use of marine resources, it is to encourage breeding rather than fishing. As it is necessary to be the type of commodity production controlling the prices, adjustments are required. Only if there is commodity production, will the cash flow be smooth to help the regional and national economy grow.

In carrying out commodity production measures, it is necessary to mainly use raw materials produced domestically. Taking lessons from weaknesses in the previous periods, it is necessary to make efforts to get the nation's economy back on the regular course during the time we are taking the responsibilities. Results gained from our efforts will be enjoyed by the next generations. Manufacturing basic food items adequately on a region and state basis will be helpful to stability of commodities prices. Manufacturers need to make adjustments in setting the most proper prices for the people to sell products. In doing so, officials are to provide enforcement measures in accordance with the law, rules and regulations. Despite the lower prices of inputs such as fuel oil and fertilizer compared to those in the year earlier, commodities prices are still high.

It is necessary to make more income for the nation through achieving development of commodity production in order that the nation's currency value is firm and that there will be no inflation as well. It is compulsory to implement tasks for development of commodity production in regions and states. The Tatmadaw is selling meat, fish and egg, food items and personal goods produced by military-run agriculture and livestock businesses on a managerial scale and manufactured by the military factories to the people at reasonable prices to help adjust the commodities prices in another way. Mainly, it is necessary to control and adjust the current prices through development of commodity production. As this meeting is to make a beginning to find ways for appropriate prices, measures are to be taken to find ways and solutions in respective regions and states as soon as possible.

100

# Over US$120 million earned in border trade surplus from trading with neighboring countries in two months



Cargo trucks seen near a border trade camp.

**Nay Pyi Taw June 12**

Myanmar earned a trade surplus of over US$120 million from trading via the country's border trade camps over the past two month of the current 2023-2024 fiscal year, according to the Ministry of Commerce.

Border trade activities are being carried out with the neighboring countries such as China, Thailand, Bangladesh, India and Laos by opening border trade camps.

From April to May in 2023, there were no border trade activities at Kyainglet border trade camp on the border with Laos. However, there were border trade activities with other neighboring countries with a total amount of US$1,484.258 million in the period—US$802.186 million in export and US$682.072 million in import. Thus there was a trade surplus of US$120.114 million.

Among those border trade partner countries, Thailand topped with US$846.517 million, followed by China with US$634 million, Bangladesh with US$2.245 million and India with US$1.316 million.

The border surplus amount in the two-month period this fiscal year resulted from more exports to those neighboring countries. 336

# Hunter Valley: Ten people killed in wedding bus crash in Australia

**Sydney June 12**

At least 10 people have died and 15 others are in hospital after a wedding bus crashed in an Australian wine region north of Sydney, officials say.

The passengers were returning from a wedding at a winery on Sunday night in the Hunter Valley when their coach overturned near the town of Greta.

Police have charged the 58-year-old bus driver with 10 counts of dangerous driving which resulted in death.

They said they were still in the process of identifying the dead.

The newlyweds were not reported to be on the bus, which crashed in the state of New South Wales.

The driver, who is from the town of Maitland, north of Sydney, has been refused bail and will appear in court in Cessnock on Tuesday.

Police commissioner Karen Webb said the site of the crash is "still an active crime scene". "We've got forensics officers processing the crime scene, we've got crash investigation unit officers, we've got rescue officers [on scene]," she added.

The accident occurred about 23:30 local time [13:30 GMT] on Sunday when, according to police, there had been heavy fog in the area. The bus had rolled over while making a turn at a roundabout off a highway. Authorities say the vehicle has now been pulled upright.

New South Wales Police acting assistant commissioner Tracy Chapman said the guests were travelling to Singleton "presumably for their accommodation". Two of the survivors were airlifted from the crash, she added. Local media report that at least one of them is still in a critical condition. BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရိုမေးနီးယားသို့ F-16 တိုက်လေယာဉ်များ အပြီးသတ်ရောင်းချနိုင်ခဲ့ကြောင်း နော်ဝေကာကွယ်ရေးဝန်ကြီးပြော



အမေရိကန်နိုင်ငံ အာဏာပိုင်များထံမှ သဘောတူညီချက် ရရှိခဲ့ပြီးနောက် NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ရိုမေးနီးယားနိုင်ငံသို့ F-16 တိုက်လေယာဉ်များရောင်းချမှုကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း နော်ဝေ ကာကွယ်ရေးဝန်ကြီး Bjorn Arild Gram က ဇွန် ၈ ရက်တွင် ပြောကြားခဲ့သည်။

ရိုမေးနီးယားနိုင်ငံသည် အသုံးပြုပြီးသား တစ်ပတ်ရစ် F-16 တိုက်လေယာဉ်များကို ယူရို ၃၈၈ သန်း (အမေရိကန်ဒေါ်လာ ၄၁၈ သန်းခန့်)ဖြင့် ဝယ်ယူရန် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် နော်ဝေနိုင်ငံနှင့်စာချုပ် ချုပ်ဆိုခဲ့သည်။

"ရောင်းချမှုက ယူကရိန်းနိုင်ငံနဲ့အိမ်နီးချင်း မဟာမိတ်နိုင်ငံ တစ်နိုင်ငံရဲ့ ကာကွယ်ရေးကဏ္ဍကို ခိုင်မာအားကောင်းစေပြီး ခေတ်မီစေမှာပါ"ဟု နော်ဝေကာကွယ်ရေးဝန်ကြီး Bjorn Arild Gram က ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံမှ လေယာဉ်များကို Bucharest မြို့သို့ မပို့ဆောင်မီလိုအပ်သော ဝန်ဆောင်မှုများအားလုံး ပြုလုပ်ပေးသွားဦးမည်ဖြစ်သည်။

မေလတွင် နော်ဝေဝန်ကြီးချုပ် Jonas Gahr Store သည် ရုရှားကို တွန်းလှန်ရန်အတွက် ယူကရိန်းသို့ လေယာဉ်များပံ့ပိုးပေးအပ်ရန် စိတ်ကူးကို ပယ်ချခဲ့သည်။

ပေါ်တူဂီနိုင်ငံမှ F-16 တိုက်လေယာဉ် ၁၇ စင်း လက်ခံရရှိခဲ့ပြီးဖြစ်သည့် ရိုမေးနီးယားနိုင်ငံသည် ၎င်း၏လေတပ်ရှိ အသုံးမပြုတော့သော ဆိုဗီယက် MiG-21 တိုက်လေယာဉ်များအစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်ပြီး လေတပ်ကို ခေတ်မီအဆင့်မြှင့်တင်ခြင်းများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံကလည်း ၎င်း၏လေတပ်ကို အဆင့်မြှင့်တင်နေပြီး နောက်ထပ် Lockheed Martin ကုမ္ပဏီထုတ် အဆင့်မြင့် ကိုယ်ပျောက်တိုက်လေယာဉ် F-35 ၅၂ စင်းကိုဝယ်ယူရန် စီစဉ်ထားသည်။

နော်ဝေနိုင်ငံသည် F-16 တိုက်လေယာဉ်များအနက် နောက်ဆုံးတစ်စင်းကို ၂၀၂၂ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခြင်းမှ အပြီးတိုင်ရပ်နားခဲ့သည်။

ရောင်းချရန်သင့်လျော်သည်ဟုယူဆရသည့် F-16 တိုက်လေယာဉ် ၅၇ စင်းအနက် ၁၂ စင်းထိ အမေရိကန်နိုင်ငံ Draken International ပုဂ္ဂလိကကုမ္ပဏီသို့ ရောင်းချခဲ့သော်လည်း လွှဲပြောင်းပေးပို့နိုင်ခြင်း မရှိသေးပေ။

သီအိုရီအရ F-16 တိုက်လေယာဉ်များ ထောက်ပံ့ပေးရန် ဆန္ဒရှိကြောင်း ကြေညာထားသော အနောက်နိုင်ငံများ၏ မဟာမိတ်အဖွဲ့နှင့် ပူးပေါင်းရန်ဆုံးဖြတ်ပါက ယူကရိန်းသို့ပေးပို့နိုင်သည့် ဂျက်လေယာဉ်အချို့ကို စကန်ဒီနေးဗီးယားနိုင်ငံအနေဖြင့် ပိုင်ဆိုင်ထားသည်ဟုဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံအစိုးရသည် F-16 တိုက်လေယာဉ်များအသုံးပြုရန် ယူကရိန်းစစ်သည်များအား လေ့ကျင့်သင်ကြားပေးရန် နည်းလမ်းများကို စဉ်းစားနေသော်လည်း ယူကရိန်းနိုင်ငံသို့ တိုက်လေယာဉ်များ ထောက်ပံ့ပေးမည်လားဆိုသည်ကို မဆုံးဖြတ်ရသေးပေ။

**Norway Says Sale of F-16 Jets to Romania Complete ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံ Voronezh မြို့တွင် ဒရုန်းပျက်ကျမှုကြောင့် လူအများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးပြော

ရုရှားနိုင်ငံ Voronezh မြို့ရှိ လူနေအဆောက်အအုံတစ်ခုပေါ်သို့ ဒရုန်းတစ်စင်း ဇွန် ၉ ရက်က ပျက်ကျခဲ့ရာ လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး Aleksandr Gusev က လူမှုမီဒီယာတွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

အချင်းဖြစ်ပွားရာနေရာမှ ရိုက်ကူးထားသည့် ဓာတ်ပုံများတွင် ထိခိုက်မှုဟု ယူဆရသည့် အဆောက်အအုံ၏ နံရံသည် ပြင်းထန်စွာ ပျက်စီးသွားသည်ကို တွေ့ရသည်။

အဆိုပါဒရုန်းသည် ဖောက်ခွဲရေးပစ္စည်းများသယ်ဆောင်လာကာ ပစ်မှတ်ဆီသို့ မပျက်ကျမီ လေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း မီဒီယာအချို့က ရေးသားဖော်ပြခဲ့သည်။

ပျက်ကျမှုမတိုင်မီ အခိုက်အတန့်တွင် မျက်မြင်သက်သေတစ်ဦးက ရိုက်ကူးထားသည်ဟု အွန်လိုင်းတွင်မျှဝေထားသည့်ဗီဒီယိုတစ်ခုတွင် လေယာဉ်ပျံတစ်စင်းသည် မြို့ပေါ်တွင် ပျံသန်းနေသည်ကို ပြသခဲ့သည်။ ထို့နောက်လေယာဉ်သည် ထိုးစိုက်ဆင်းသွားပြီး လူနေအဆောက်အအုံကို ထိမှန်ပေါက်ကွဲခဲ့သည်။

RIA Novosti သတင်းဌာနသည် လူနေအဆောက်အအုံကို စီမံခန့်ခွဲသည့်ကုမ္ပဏီ၏ ပြောကြားချက်အပေါ် ကိုးကား၍ ဒရုန်းပျက်ကျမှု၏ အနီးအနားရှိနေသူများ အသေးစား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လူနေအဆောက်အအုံများ၏ ဒုတိယထပ်နှင့်တတိယထပ်ကြားကို ဒရုန်းဖြင့်တိုက်ခိုက်ပြီးနောက် နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က မော်စကိုမြို့၌ ဒရုန်းသုံးစင်းပျက်ကျခဲ့ပြီး လူနေအဆောက်အအုံများအပြားကို ထိမှန်ပျက်စီးခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းတို့ တိုက်ခိုက်မှုဖြစ်သည်ဟု စွပ်စွဲကာ ၎င်းဖြစ်ရပ်ကို အကြမ်းဖက်ဝါဒဟု တံဆိပ်ကပ်ထားသည်။

တိုက်ခိုက်ခံခဲ့ရသည့် Voronezh ဒေသသည် ရုရှားနိုင်ငံ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး ယူကရိန်းတို့ထိန်းချုပ်ထားသောနယ်မြေများနှင့် နီးကပ်လျက်ရှိသည်။



ယူကရိန်းတပ်များသည် ရုရှားနှင့် လက်နက်ကိုင်ပဋိပက္ခ စတင်ချိန်မှစ၍ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများကို ပုံမှန်ပြုလုပ်လျက်ရှိသည်။

**Several injured as drone crashes in Russian city – governor ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက Nord Stream ပိုက်လိုင်းကိုဖျက်ဆီးရန်စီစဉ်ခဲ့မှုကို အမေရိကန်နိုင်ငံ သိရှိထား

ယူကရိန်းနိုင်ငံသည် Nord Stream ဓာတ်ငွေ့ပိုက်လိုင်းများဖျက်ဆီးရန် စီစဉ်ခဲ့မှုကို အမေရိကန် ထောက်လှမ်းရေးအဖွဲ့များက လအတော်ကြာကတည်းက သိရှိခဲ့ကြောင်း သတင်းပေါက်ကြားခဲ့သည့် ပင်တဂွန်၏ စာရွက်စာတမ်းများကိုကိုးကား၍ ဝါရှင်တန်ပို့စ်သတင်းစာက ဇွန် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



အစီရင်ခံစာ၌ ယူကရိန်းကိုအဖျက်အမှောင့်ပြုလုပ်မှုတွင် ဆက်စပ်နေသည့်အပေါ် ထုတ်ဖော်ထားသော်လည်း အမေရိကန်နိုင်ငံက ဓာတ်ငွေ့ပိုက်လိုင်းများကို ဖောက်ခွဲဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု သတင်းထောက် Seymour Hersh က တင်ပြသည့် သီအိုရီကိုတော့ ငြင်းဆိုထားခြင်း မရှိပါ။

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဒိန်းမတ်နိုင်ငံ Bornholm ကျွန်းအနီးတွင် Nord Stream 1 နှင့် Nord Stream 2 ဓာတ်ငွေ့ပိုက်လိုင်းများ ပျက်စီးခဲ့ရသည်။

ပုံးပေါက်ကွဲမှုများသည် ဥရောပသို့ ရုရှားသဘာဝဓာတ်ငွေ့အတွက် အဓိကလမ်းကြောင်းကို ဖြတ်တောက်ဖျက်ဆီးခဲ့ပြီး ဥရောပနိုင်ငံများ၏ရုရှားအပေါ် ၎င်းတို့၏ ပိတ်ဆို့အရေးယူမှုများကိုပယ်ရှားကာ ဓာတ်ငွေ့ဝယ်ယူမှုများကို ပြန်လည်စတင်နိုင်ခြေကို ထိရောက်စွာဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

ယူကရိန်းစစ်ဘက်သည် ရေအောက်ကွန်ရက်ကိုလျှို့ဝှက်တိုက်ခိုက်ရန် ယူကရိန်းစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Valery Zaluzhny ထံ တိုက်ရိုက်သတင်းပို့ လုပ်ဆောင်ရသည့် ရေငုပ်သမားအဖွဲ့ငယ်တစ်ဖွဲ့ကို အသုံးပြု၍ စီစဉ်ခဲ့ကြောင်းကို ဘိုင်ဒင်အုပ်ချုပ်ရေးက နီးကပ်သောမဟာမိတ်နိုင်ငံထံမှသိရှိခဲ့ရသည်ဟု ဝါရှင်တန်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ယူကရိန်းတွင် အေးဂျင့်တစ်ဦးနှင့် အမည်မဖော်လိုသည့် ဥရောပထောက်လှမ်းရေးအေဂျင်စီတစ်ခုမှ ကြားသိမှုကို CIA က သိရှိခဲ့သည်ဟု သတင်းစာကဖော်ပြသည်။

အမေရိကန်နိုင်ငံ လေကြောင်းအစောင့်တပ်ဖွဲ့ (US Air National Guard)၊ အဖွဲ့ဝင်တစ်ဦးက ဖေဖော်ဝါရီလအတွင်းက Discord ဆာဗာတွင် မျှဝေထားသော ပင်တဂွန်စာရွက်စာတမ်းများဟုခေါ်သော ဖိုင်များကို ကိုးကားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံက ၎င်း၏ ဓာတ်ငွေ့ပိုက်လိုင်းများကို ဖျက်ဆီးခဲ့သည်ဟု ယခင်က အခိုင်အမာဆိုခဲ့ကာ ယူကရိန်းနိုင်ငံ အရာရှိများက ဝါရှင်တန်ပို့စ်သတင်းစာမှမှတ်ချက်ပေးရန် တောင်းဆိုမှုကို တုံ့ပြန်ခဲ့ခြင်းမရှိပေ။

CIA ကလည်း အလားတူနှုတ်ဆိတ်နေပြီး အိမ်ဖြူတော်က အမေရိကန်တာဝန်ရှိသူများက မစ်ရှင်ကိုဆက်လက်လုပ်ဆောင်နေခြင်းကို ရပ်တန့်ရန်ကြိုးပမ်းခြင်း ရှိ၊ မရှိ ဟုမေးမြန်းသောအခါတွင် ပြောကြားရန် ငြင်းဆိုခဲ့သည်။

**US knew Ukraine planned to sabotage Nord Stream – WaPo ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က စစ်တွေတက္ကသိုလ်သို့ ရေသန့်စက်နှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်း

**စစ်တွေ ဇွန် ၁၂**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က စစ်တွေတက္ကသိုလ်သို့ ရေသန့်စက်နှင့်ဆက်စပ်ပစ္စည်းများလှူဒါန်းခြင်းနှင့် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ကျောင်းသူကလေးငယ်များကို ပဲနို့အာဟာရတိုက်ကျွေးခြင်းစီမံချက် စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့်အဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ဆရာမများ၊ မြို့နယ်ပညာရေးမှူးများ၊ စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ်အတွင်း ရေကောင်းရေသန့်ရရှိရေးအတွက် အရေးကြီးသည့်အချိန်တွင် ယခုကဲ့သို့လှူဒါန်းသည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စစ်တွေတက္ကသိုလ်အတွက် စုစုပေါင်းငွေကျပ်သိန်း ၃၅၀ တန်ဖိုးရှိရေသန့်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ စစ်တွေမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူကလေးငယ်များကို ပဲနို့အာဟာရတိုက်ကျွေးရေးစီမံချက်စာအုပ်တို့ကိုပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်က စစ်တွေတက္ကသိုလ်သို့ ရေသန့်စက်လှူဒါန်းခြင်းနှင့် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များကို ပဲနို့အာဟာရတိုက်ကျွေးခြင်းစီမံချက်စတင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ စစ်တွေတက္ကသိုလ်စာသင်ဆောင်များပြုပြင်ပြီးစီးမှု၊ ဆက်လက်ပြုပြင်သွားမည့်အခြေအနေနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေတို့ကိုလှည့်လည်ကြည့်ရှုပြီး ပဲနို့ကြိတ်စက်ဖြင့် လက်တွေ့သရုပ်ပြပဲနို့ထုတ်လုပ်နေမှုကိုကြည့်ရှုအားပေးသည်။

ထို့နောက် စစ်တွေမြို့ ပါဒလိတ်ကျေးရွာရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်နှင့် စာသင်ခန်းများပြုပြင်ပြီးစီးမှု၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုနှင့် ကျောင်းအတွင်း၊အပြင် သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကာ သီးစုံဒံပေါက်ထုပ်များကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်သည်။

ယင်းနောက် စစ်တွေမြို့ အမြင့်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုနှင့် သင်ကြားသင်ယူမှု လုပ်ငန်းများအတွက် ပံ့ပိုးဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို လှည့်လည်ကြည့်ရှုမေးမြန်းကာ ကျောပိုးအိတ်နှင့် သီးစုံဒံပေါက်ထုပ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ ကွန်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိကြပြီး အထွေထွေရောဂါ၊ အရိုး၊ ခွဲစိတ်နှင့် ကလေးအထူးကု ဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးအဖွဲ့နယ်မြေကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လူနာများကို အားပေးစကားပြောကြား၍ သီးစုံဒံပေါက်ထုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပုဏ္ဏားကျွန်းမြို့ မြို့မပရိယတ္တိကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် ကျောက်တော်မြို့ မေတ္တာဥယျာဉ်ပရဟိတကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာစာရတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း၊ နဝကမ္မအလှူငွေများနှင့် ပရဟိတကျောင်းအတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ပံ့မှန်ထောက်ပံ့လှူဒါန်းငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် စံပြရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်နှင့် စာသင်ခန်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ လက်ရှိပညာသင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု၍ ကူညီပံ့ပိုးပေးရမည့်ကိစ္စရပ်များကိုမေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစာသင်ကျောင်းများသို့ရောက်ရှိစဉ် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အထူးအလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း ပုံမှန်ကျောင်းဖွင့်ရာသီတွင် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရန် ဦးစားပေးပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့နယ် စံပြရပ်ကွက်နှင့် နတ်ဆိတ်ကျေးရွာကို ဆက်သွယ်ထားသည့် ဦးရာဇ်မင်္ဂလာကြိုးတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမြန်ပြန်လည်ပြင်ဆင်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပုဏ္ဏားကျွန်းမြို့နယ် ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့သွားရောက်ပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းအဆောက်အအုံများ၊ စာသင်ဆောင်များနှင့်အလုပ်ရုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ၌ကျင်းပသည့် စုပေါင်းထွန်ယက်ခြင်းနှင့် မိုးစပါးမျိုးစေ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စုပေါင်းထွန်ယက်ခြင်းနှင့်မိုးစပါးမျိုးစေ့ပေးအပ်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ကွန်းတောင်ကျေးရွာ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲက ထုတ်လုပ်သည့် ဆင်းသွယ်လတ်နှင့် ပေါ်ဆန်းရင်စပါးမျိုးစေ့အိတ်များကို ထောက်ပံ့ပေးအပ်ပြီး ထွန်စက်များဖြင့် သရုပ်ပြထွန်ယက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်းသို့ရောက်ရှိကြပြီး MCL-3၊ MCL-5နှင့် CHARITES သင်္ဘောများပေါ်မှ လျှပ်စစ်မီးတိုင်၊ ဆက်သွယ်ရေးတိုင်၊ သစ်နှင့် ဆန်အိတ်များကို မော်တော်ယာဉ်များပေါ်သို့ လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် တင်ဆောင်နေမှုကိုလည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ဆောင်၍ မြောက်ဦး၊ မြေပုံ၊ မင်းပြားမြို့နယ်တို့သို့ ထွက်ခွာမည့် ကုလားတန် ၂ ရေယာဉ်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သို့ ထွက်ခွာမည့် ကုလားတန် ၆ ရေယာဉ်တို့ ဆိပ်ကမ်းမှစတင်ထွက်ခွာမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင်တွင် မြန်မာနိုင်ငံသားများလိုက်ပါလာသော မော်တော်ယာဉ်တိမ်းမှောက်ခဲ့မှုသတင်းဖော်ပြမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

VOA Burmese Facebook သတင်းစာမျက်နှာ၌ "ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင်အတွင်း ၂၀၂၃ ခုနှစ် ဇွန် ၁ ရက် နံနက်တွင် အထောက်အထားမဲ့ မြန်မာအလုပ်သမားများကိုသယ်ဆောင်လာသည့်ကားသည် ရဲများလိုက်ဖမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မီးလောင်ခဲ့သဖြင့် ကားပေါ်ပါသူ မြန်မာ လေးဦး သေဆုံးခဲ့ကြောင်း" သတင်းဖော်ပြခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၄-၆-၂၀၂၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တာဝန်ခံ အလုပ်သမားသံအရာရှိက အယုဒ္ဓယနယ်မြေရဲစခန်းသို့သွားရောက်၍ တာဝန်ရှိသူများ၊ ကားမှောက်မှုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ အောက်ပါအတိုင်းစုံစမ်းသိရှိရပါသည်-

(က) မဲဆောက်မြို့မှ မြန်မာရွှေ့ပြောင်းအလုပ်သမား ကိုးဦးကို သယ်ဆောင်လာသည့် ဗင်ကားသည် ၁-၆-၂၀၂၃ ရက် ၀၀း၂၀ နာရီခန့်တွင် အယုဒ္ဓယမြို့အထွက် လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မီးလောင်ခဲ့ရာ ယာဉ်မောင်းအပါအဝင် လေးဦး မီးလောင်သေဆုံးခဲ့ပါကြောင်း၊ ကျန်ခြောက်ဦးသည် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဘန်ပအင်းမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ပါကြောင်း၊

(ခ) ယာဉ်တိမ်းမှောက် မီးလောင်မှုကြောင့် သေဆုံးခဲ့သူ လေးဦးတွင် ယာဉ်မောင်း(ထိုင်း) တစ်ဦးနှင့် မြန်မာအမျိုးသမီး သုံးဦးတို့ပါဝင်ပါကြောင်း၊ သေဆုံးသူ လေးဦးမှာ မီးလောင်ကျွမ်းမှုကြောင့် အတည်ပြုနိုင်ရန်ခက်ခဲသဖြင့် DNA စစ်ဆေးလျက်ရှိပါကြောင်း၊

(ဂ) ထိခိုက်ဒဏ်ရာရရှိသူများကို မေးမြန်းခဲ့ရာ မြန်မာပြည်မှ ပွဲစားများအား ဘတ် ၂၅၀၀၀ မှ ၃၀၀၀၀ အထိပေး၍ ကားများဖြင့် အဆင့်ဆင့်စီးနင်း၍ ထိုင်းနိုင်ငံရှိ ဆွေမျိုးသားချင်းများရှိရာသို့ လာရောက်အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ပါကြောင်း၊

အလုပ်သမားသံအရာရှိရုံးအနေဖြင့် နယ်မြေရဲစခန်းနှင့်ပူးပေါင်း၍ သေဆုံးခဲ့သူများနှင့် ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များရရှိရေးနှင့် မြန်မာအလုပ်သမားများကို အမှုစစ်ဆေးပြီးချိန်တွင် နေရပ်သို့ပြန်လည်သွားရောက်နိုင်ရေး ဆက်သွယ်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခြင်းကြောင့် လူကုန်ကူးခံရခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း၊ ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝမရရှိခြင်းနှင့် အခြားသောလူ့အခွင့်အရေးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့်အပြင် အခက်အခဲမျိုးစုံကြုံတွေ့လာနိုင်သဖြင့် တရားမဝင်သွားရောက်ခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်ခြင်းဖြင့် ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ခြင်း၊ လူကုန်ကူးခံရမှုမဖြစ်ပွားနိုင်ခြင်း၊ ဆိုက်ရောက်ရာနိုင်ငံများ၌ လွတ်လပ်စွာသွားလာနိုင်ခြင်းနှင့် လုပ်ငန်းခွင်၌ လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ၁၃-၅-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်ရန်အတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများစာရင်းကို အလုပ်သမားဝန်ကြီးဌာန၏ Website www.mpl.gov.mm၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ Safe Migration Telegram Channel နှင့် Safe Migration Facebook Page တွင်သာမက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ဖုန်း ၀၆၇-၄၃၀၁၈၃၊ ၀၆၇-၄၃၀၂၈၄ တို့ကိုဆက်သွယ်ခြင်းဖြင့် သတင်းအချက်အလက်များရရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင်တွင် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများလိုက်ပါလာသော မော်တော်ယာဉ်တိမ်းမှောက်ခဲ့မှု သတင်းဖော်ပြမှုနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေမှုအခြေအနေကို သတင်းထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# စစ်တွေမြို့နယ် မော်သီးညာကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ကျေးရွာသူ၊ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မုန်တိုင်းသင့်ကျေးရွာသူကျေးရွာသားများကို ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းစဉ်။

**နေပြည်တော် ဇွန် ၁၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်များမှ အထူးဆေးအဖွဲ့များ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများကို မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်များမှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ် မော်သီးညာကျေးရွာ၌ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ကျေးရွာသူ၊ ကျေးရွာသားများကို သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုး၊ အကြောရောဂါများ၊ အထွေထွေရောဂါများနှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ထိုသို့ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)နှင့် ဘာသာစုံမိတ်ဆွေများမှ ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး တာဝန်ရှိသူများ၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၂**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊စစ်သမီးများက အဆို၊အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို၊အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာသီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေစဉ်။

# ပလတ်စတစ်ကမ်ပိန်းများပြုလုပ်၍ မြိတ်ကျွန်းစုဂေဟစနစ်များ ထိခိုက်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၁၂**

ပင်လယ်ပြင်ညစ်ညမ်းမှုနှင့် ရေသတ္တဝါများရှင်သန်မှုကို ခြိမ်းခြောက်လျက်ရှိသော ပလတ်စတစ်နှင့် စွန့်ပစ်အမှိုက်များ ပင်လယ်ကမ်းခြေနှင့် ပင်လယ်ပြင်အတွင်း စွန့်ပစ်မှုမရှိစေရန်နှင့် မြိတ်ကျွန်းစုရှိ ဂေဟစနစ်များထိန်းသိမ်းရာ၌ အထောက်အပံ့ဖြစ်စေရန်အတွက် ကော့သောင်းနှင့် ဘုတ်ပြင်းခရိုင်အတွင်း အသိပညာပေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပင်လယ်ပြင်တွင် တစ်ခါသုံးပလတ်စတစ်အသုံးပြုခြင်းကြောင့် ရေအောက်သန္တာကျောက်တန်းများနှင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်ပျက်စီးစေပြီး ပလတ်စတစ်နှင့် အမှိုက်များစွန့်ပစ်မှုကြောင့် ဂျယ်လီငါး အမှတ်ဖြင့် ပင်လယ်လိပ်၊လင်းပိုင်၊မိချောင်းနှင့် ရေသတ္တဝါများစားသုံးရာမှ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်ပျက်စီးစေလျက်ရှိရာ ပင်လယ်ပြင်နှင့် ပင်လယ်ပြင်ကမ်းခြေတို့တွင် ပလတ်စတစ်အမှိုက်များ စွန့်ပစ်မှုမရှိစေရန် အသိပညာပေးလုပ်ငန်းများကို ဇွန်လကျောင်းဖွင့်ရာသီ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ပြီးခဲ့တဲ့ နွေရာသီကျောင်းပိတ်ရက်သင်တန်းတွေမှာလည်းပလတ်စတစ်ကမ်ပိန်းတွေလုပ်ဆောင်ခဲ့သလို အခုကျောင်းဖွင့်ချိန်မှာလည်းမကြံ့ဂလက်ကျေးရွာအလယ်တန်းကျောင်းမှာ ကမ်းရိုးတန်းဂေဟစနစ်၊ ပတ်ဝန်းကျင်ဂေဟစနစ် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောမှုနဲ့အဝေးပြေးဂိတ်မှာခရီးသွားတွေကို လက်ကမ်းစာစောင်တွေနဲ့ ပညာပေးအစီအစဉ်တွေ ဇွန်လပထမပတ်မှာ လုပ်ဆောင်ခဲ့ပါတယ်။ ကော့သောင်းနဲ့ ဘုတ်ပြင်းခရိုင်အတွင်းက အခြေခံပညာကျောင်းတွေမှာ ပလတ်စတစ်ကမ်ပိန်းကို အဓိကပြုလုပ်ပြီးတော့ ကျောင်းတွေမှာ အမှိုက်ပုံးနဲ့ အမှိုက်ကောက်သံညှပ်တွေ ထောက်ပံ့လှူဒါန်းဖို့ရှိပါတယ်”ဟု လန်ပိကျွန်းအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောပြ၍ သိရသည်။

**ဓာတ်ပုံ-ကနေ့**

**ညိမ်းသူ(သတင်းစဉ်)**



# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း မုန်တိုင်းဒဏ်သင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တိုးချဲ့ရပ်ကွက်ရှိ ဓမ္မိကာရုံ ပရဟိတ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်ရှိ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်ထားရှိသည့် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ သွားရောက်လှူဒါန်းကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အစိုးရ ရပ်ကွက်ရှိ ခရိုင်တရားသူကြီးရုံးအတွင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အတူ တောင်ရပ်ကွက်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဆေးခန်း၌ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ရွာမ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာ အုပ်စု ခြောက်စုရှိ ကျေးရွာကိုယ်စားလှယ်များကို ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ထို့ပြင် သာသနာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော် ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းအတွက် ပြန်လည်ပြုပြင်ရန် လိုအပ်သော သွပ်များ၊ ဆွမ်းဆန်တော်များ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနမှ မုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီး ကျောင်းများသို့လှူဒါန်းသော နဝကမ္မ အလှူတော်ငွေများကို ကျောင်းထိုင်ဆရာ တော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မင်းဂံရပ်ကွက်နှင့် စက်ရုံစုရပ်ကွက်တို့ မှ ဒေသခံပြည်သူများကို စားသောက် ဖွယ်ရာများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်း များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေး အတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက် အားတိုက် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီ ကယ်ဆယ်ရေးအဖွဲ့များသည် ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ မောသီး ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိ နေသော ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် ရေချမ်းပြင်ကျေးရွာ၌ ဒေသခံ ပြည်သူများနှင့် ပူးပေါင်း၍ လမ်းဘေး ဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်တိုင်များ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ရောက်ရှိ နေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် ခရိုင်တရားရုံးအတွင်းရှိ သစ်ပင် သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ရောက်ရှိ နေသော ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် ရွှေတောင်ကျောင်းတိုက်အတွင်းရှိ သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ဇိနမာရ်အောင်ကျောင်းတိုက် အတွင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးနေမှုများကို ကူညီဆောင်ရွက် ပေးသည်။

ထို့အတူ ကျောက်တော်မြို့သို့ရောက်ရှိ နေသော ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် ကျောက်တော်မြို့အတွင်းရှိ လမ်းဘေး ဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

➤➤➤



သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇွန် ၁၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# Aung Bar Lay Application လမ်းညွှန်


အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

## (အောင်ဘာလေအွန်လိုင်းထီ Application အသုံးပြုပုံအဆင့်ဆင့် )

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

### Application Download ပြုလုပ်ခြင်း

- အဆင့် ၁ : အောင်ဘာလေ အွန်လိုင်းထီ Website ကို သွားပါ။
  aungbarlay.ird.gov.mm
  အောင်ဘာလေအွန်လိုင်းထီ Application ကို Download ပြုလုပ်ရန် QR ကိုဖတ်ပါ။
- အဆင့် ၂ : Install ပြုလုပ်ရန် Device ရွေးချယ်ပါ။
  Android / iOS
- အဆင့် ၃ : Application ကို Install ပြုလုပ်ပါ။



1

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- အဆင့် ၁ : Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://aungbarlay.ird.gov.mm/assets/ABL_release_b51.apk




2

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- အဆင့် ၂ : Install ကိုနှိပ်ပါ။
  Install ပြုလုပ်ပြီးစီးသည်အထိ စောင့်ပါ။





3

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- အဆင့် ၃ : Install ပြုလုပ်ပြီးပါက Open ကိုနှိပ်ပါ။




4

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။



5

### iOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- အဆင့် ၁ : Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://install.appcenter.ms/users/beemedia88/apps/aung-bar-lay/distribution_groups/aung%20bar%20lay




6

### iOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- အဆင့် ၂ : iPhone setting မှ General setting သို့ သွားပါ။
  General ထဲရှိ VPN & Device Management ထဲသို့ ဝင်ရောက်ပါ။



7

### iOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- အဆင့် ၃ : VPN & Device Management ထဲရှိ Enterprise app ကိုနှိပ်ပါ။




8

### iOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- အဆင့် ၄ : Trust စာသား အပြာကိုနှိပ်ပါ။
  Trust ကိုနှိပ်ပါ။



9

### iOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

•••

- ယခုပုံအတိုင်းဖြစ်ပါက Application ကို စတင်အသုံးပြုလို့ရပါပြီ။



10

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

# Aung Bar Lay Application လမ်းညွှန်

## (အောင်ဘာလေအွန်လိုင်းထီ Application အသုံးပြုပုံအဆင့်ဆင့် )

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

### iOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။

11



### Account အသစ်ဖွင့်၍ ဝင်ရောက်ခြင်း

- အဆင့် ၁ : စာရင်းသွင်းခြင်းလုပ်ငန်းစဉ်ကို စတင်ပါ။
  - ✓ အသုံးပြုသူအသစ် (New User )ဖြစ်ပါက အကောင့်စာရင်းပေးခြင်း (Sign Up ) ကို ရွေးချယ်ပါ။
- အဆင့် ၂ : သင့်ဖုန်းနံပါတ်ဖြင့် အကောင့်ဖွင့်ပါ။
  - ✓ သင်၏ ဖုန်းနံပါတ်အား ဖြည့်သွင်းပါ။
  - ✓ SMS မှပေးပို့လာသော တစ်ခါသုံးလျှို့ဝှက်နံပါတ် (One Time Password - OTP) အား ဖြည့်သွင်းပါ။
  - ✓ လျှို့ဝှက်နံပါတ် (Password) ဖန်တီးပါ။
- အဆင့် ၃ : အကောင့်ဝင်ပါ။
  - ✓ ဖုန်းနံပါတ် နှင့် လျှို့ဝှက်နံပါတ် (Password ) ဖြည့်သွင်း၍ Application သို့ ဝင်ရောက်ပါ။
  - ✓ Biometrics အသုံးပြု၍လည်း Log In ဝင်ရောက်နိုင်ပါသည်။

12



### ထီလက်မှတ်ဝယ်ယူခြင်း

- အဆင့် ၁ : လက်မှတ်ဝယ်ယူခြင်း
  - လမကုန်မီ (၂) ရက်အလိုထိ ထီလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူနိုင်ပါသည်။
  - လက်မှတ်ဝယ်ရန်/ BUY TICKET ကို နှိပ်ပါ။

13



### ထီလက်မှတ်ဝယ်ယူခြင်း

- အဆင့် ၂ : ထီလက်မှတ်များကို ရွေးချယ်ခြင်း
  - ကြိုက်နှစ်သက်ရာ ရှေ့အက္ခရာ နှင့် နံပါတ်အား ရှာဖွေရွေးချယ်ခြင်း
  - ကြိုက်နှစ်သက်ရာ နံပါတ်အား Search Box မှရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော နံပါတ်အား Random ရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော ၃စောင်တွဲ / ၅စောင်တွဲ / ၁၀ စောင်တွဲအား Random ရွေးချယ်ခြင်း တို့ဖြစ်ပါသည်။

14



### ထီလက်မှတ်ဝယ်ယူခြင်း

- အဆင့် ၃ : အတည်ပြုပြီး ငွေပေးချေခြင်း

ငွေပေးချေရန် မိမိနှစ်သက်ရာ ဝန်ဆောင်မှုတစ်ခုကိုရွေးချယ်ပါ။

KBZ Pay

မကြာမီ ငွေပေးချေမှု နည်းလမ်း မြောက်မြားစွာ ရှိလာဦးမည်။


15



### ထီလက်မှတ်ဝယ်ယူခြင်း

- အဆင့် ၄ : ထီလက်မှတ် ဝယ်ယူမှုပြီးမြောက်ခြင်း

ငွေပေးချေပြီးပါက ဝယ်ယူမှုအောင်မြင်ကြောင်း SMS ရရှိမည် ဖြစ်ပါသည်။




16



### လက်မှတ်ကိုစစ်ဆေးခြင်း

- ဝယ်ယူထားသောလက်မှတ်ကိုစစ်ဆေးခြင်း

ကျွန်ုပ်၏ ထီလက်မှတ် သို့သွား၍ ယခုလထိုးထားသော လက်မှတ်များ၊ ဆုရ ထီလက်မှတ် များနှင့် ထိုးပြီး ထီလက်မှတ်များကို ပြန်လည် ကြည့်ရှုနိုင်ပါသည်။

17



### ထီပေါက်စဉ်များကို ကြည့်ရှုခြင်း

- ပြီးခဲ့သည့်လ၏ ထီပေါက်စဉ်များကို ကြည့်ရှုခြင်း

နောက်ဆုံးထွက်ရှိထားသော ထီပေါက်စဉ်အား ပင်မစာမျက်နှာတွင် ကြည့်ရှုနိုင်သလို ယခင်လ များ၏ ထီပေါက်စဉ်များကိုလည်း ထီပေါက်စဉ် စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

18



### ထီဆုကံထူးခြင်းနှင့် ဆုငွေထုတ်ယူခြင်း

- ထီပေါက်ကြောင်း အကြောင်းကြားသည့် SMS

ထီထိုးထားသူ၏ လက်မှတ်သည် ထီပေါက်ပါက Aungbarlay SMS မှ တစ်ဆင့် အကြောင်းကြားစာ ရရှိမည်ဖြစ်ပါသည်။

- ထီဆုငွေ ထုတ်ယူခြင်း

ကျပ် (၁၀) သိန်း နှင့် (၁၀) သိန်းအောက် ထီပေါက်ခဲ့ပါက ထီပေါက်သူ၏ အကောင့်ထဲသို့ ထီဆုငွေကို တိုက်ရိုက်လွှဲပေးမည်ဖြစ်ပြီး ကျပ် ၁၀ သိန်း အထက် ထီပေါက်ခဲ့ပါက ရန်ကုန်၊ မန္တလေးရှိ အောင်ဘာလေ (ရုံးချုပ်) များသို့ သွားရောက် ထုတ်ယူရမည် ဖြစ်ပါသည်။

19



### အသုံးပြုသူအား ဝန်ဆောင်မှုပေးခြင်း

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

VIBER & TELEGRAM (ဆိုရှယ်မီဒီယာ)

- တရားဝင် အွန်လိုင်းချန်နယ်များ ဆိုရှယ်မီဒီယာများမှတဆင့် သိရှိလို သည်များ ၊ အခက်အခဲများကို ၂၄ နာရီ ဖြေဆိုကူညီဆောင်ရွက်ပေးပါမည်။

HOTLINE SERVICE

- Mytel Hotline No. 777
- အခြား Operator Hotline No. 09677000777

Email

- abl@support.com.mm

VIBER



TELEGRAM




20

# ကချင်ပြည်နယ် တနိုင်းမြို့နယ်မှ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် KIA အဖွဲ့ဝင်များကို ဆုကြေးငွေများနှင့် ထောက်ပံ့ငွေများ ပေးအပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် KIA အဖွဲ့ဝင်တစ်ဦးက လက်နက်၊ခဲယမ်းများ အပ်နှံစဉ်။

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများကို ဥပဒေ ဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက် ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေး သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာသူများကို လက်ခံကြိုဆိုလျက်ရှိရာ ယနေ့တွင် ဥပဒေဘောင်အတွင်းဝင်ရောက် လာသော KIA အဖွဲ့ဝင်များကို ပြန်လည် လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို မြစ်ကြီး နားမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြန်လည်ဝင်ရောက်လာသည့် KIA အဖွဲ့ များနှင့် ၎င်းတို့၏ မိဘများ တက်ရောက် ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ ဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ ထို့နောက် ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် တနိုင်းမြို့နယ်အတွင်းမှ KIA အဖွဲ့ဝင် အမျိုးသား နှစ်ဦးသည် ၎င်းနှင့် အတူပါ လာသော K-25 သေနတ် နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်အတောင့် ၅၀ နှင့် လက်ပစ်ဗုံးနှစ်လုံးကို တာဝန်ရှိသူများထံ အပ်နှံကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဆုကြေးငွေအဖြစ်ပေးအပ်သည့် သေနတ်တစ်လက်လျှင် ငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ငွေကျပ် သိန်း ၁၀၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ဆုကြေးငွေ ခြောက်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၀၆ သိန်းကို တာဝန်ရှိ သူများက ပေးအပ်ကြပြီး ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်း ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆို လက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ ခဲယမ်း များပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ် လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်း သို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူ များအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်း ပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများ အတွက် ဆုကြေးငွေများ ပေးအပ်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# သာစည်မြို့နယ် ဘုရားငါးဆူကျေးရွာအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည် မြို့နယ် ကျွဲတက်ဆုံကျေးရွာအုပ်စု ဘုရား ငါးဆူကျေးရွာအတွင်းရှိ သံဃာတော်များ နှင့် ဒေသခံပြည်သူများကို ယနေ့နံနက် ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နယ်လှည့်ဆေးကုသရေးအဖွဲ့များက သံဃာ တော် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၃၃၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက် ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေး ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက် ၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်း ရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သာစည်မြို့နယ် ဘုရားငါးဆူကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်ပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင် ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ခိုင်ငြိမ်းအေးသည် ၎င်းအသုံးပြုသည့် "Khaing Nyein Aye" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အမရ ပူရမြို့နယ် ရွာသစ်ကျေးရွာနေ ရွှေစင်ဝင်း သည် ၎င်းအသုံးပြုသည့် "Shwe Sin Win" Facebook အကောင့်၊ ရန်ကုန် တိုင်းဒေသကြီး မော်ဘီမြို့နယ် ထိန်ကုန်း ကျေးရွာနေ စုသက်မွန်(ခ)သက်မာဝင်း သည် ၎င်းအသုံးပြုသည့် "Thet Mar Win" Facebook အကောင့်နှင့် မြောက် ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ အောင်အောင်(ခ)အောင်လေးသည် ၎င်း အသုံးပြုသည့် "Aung Lay" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန် ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူ ပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည် ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး ရန်ပုံငွေဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

မိုခါမုန်တိုင်း သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ ပြန်လည် ထူထောင်ရေးတွင် တစ်စိတ်တစ်ပိုင်းပါဝင် ကူညီနိုင်ရန်အတွက် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမား ဟောင်းများပူးပေါင်း၍ ရန်ပုံငွေဘောလုံး ပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပမည် ဖြစ်သည်။

ရန်ပုံငွေဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစား ကွင်းတွင် ကျင်းပမည်ဖြစ်ပြီး ရုပ်ရှင် ဘောလုံးအသင်း၊ ဂီတဘောလုံးအသင်း၊ Forever FC ဘောလုံးအသင်းနှင့် ညွန့်ပေါင်းဘောလုံးအသင်းတို့ ပါဝင်ကြ မည်ဖြစ်သည်။ ပွဲစဉ်များအဖြစ် ဇွန် ၁၆ ရက် ညနေ ၃ နာရီတွင် ရုပ်ရှင်ဘောလုံး အသင်းနှင့် Forever FC ဘောလုံးအသင်း၊ ညနေ ၅ နာရီတွင် ညွန့်ပေါင်းဘောလုံး အသင်းနှင့် ဂီတဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကာ ထိုအသင်းများထဲမှ အနိုင်ရရှိသည့် အသင်း နှစ်သင်းသည် ဇွန် ၁၇ ရက်တွင် ဗိုလ်လုပွဲအဖြစ်လည်း ကောင်း၊ ရှုံးသည့်အသင်း နှစ်သင်းသည် တတိယနေရာလုပွဲအဖြစ် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရန်ပုံငွေဘောလုံးပြိုင်ပွဲသို့ နိုင်ငံကျော် အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်ကစားကြ မည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့်တတိယနေရာ လုပွဲကျင်းပမည့် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည်ဖြစ် ကာ MRTV-4 , MWD , Skynet ရုပ်သံ လိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွား မည်ဖြစ်သည်။ ကိုယ်တိုင်လာရောက် အားပေးလိုသည့် ပရိသတ်များအတွက် ဘောလုံးပွဲကြည့် လက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် သုဝဏ္ဏအားကစားကွင်း ဂိတ်အမှတ်(၅) တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေဘောလုံးပြိုင်ပွဲမှ ရရှိသော ရန်ပုံငွေများကို မိုခါမုန်တိုင်းဒဏ် သင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်လမြိုင်တက္ကသိုလ် နှစ်(၇၀)ပြည့် အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင် တက္ကသိုလ် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်တက္ကသိုလ် နှစ်(၇၀)ပြည့် အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ဘက်စုံခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ ပြည်နယ်အဆင့်မြင့်ပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ နှင့် ကျောင်းအုပ်ကြီးများ၊ မော်လမြိုင် တက္ကသိုလ်ကျောင်းသားဟောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားပြီး မော်လမြိုင် တက္ကသိုလ် နှစ်(၇၀)ပြည့်အထိမ်းအမှတ် အတွက် ထောက်ပံ့ငွေများပေးအပ်ရာ အဆိုပါတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာယဉ်မျိုးသူက လက်ခံရယူသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ တက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူး များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ဟောင်းများက တက္ကသိုလ်နှစ်(၇၀)ပြည့် နှင့်ပတ်သက်၍ အသီးသီးဆွေးနွေး ကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်း သား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်း ရရှိသည်။

# ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

၂၀၂၃ ခုနှစ် ကာကွယ်ရေး ဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲတွင် မြေပြင်အတတ်သင် လေတပ်စခန်း ဌာနချုပ်အသင်းနှင့် မြိတ်လေတပ်စခန်း ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



**နေပြည်တော် ဇွန် ၁၂**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန် စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့ မြေပြင်အတတ်သင် လေတပ်စခန်းဌာန ချုပ် ဘောလုံးအားကစားကွင်း၌ ပြုလုပ်ရာ လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး၊ မိတ္ထီလာတပ်နယ် မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်အသင်းနှင့် မြိတ် လေတပ်စခန်းဌာနချုပ် အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေး ကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် ကာကွယ်ရေး ဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံး ပြိုင်ပွဲကို တပ်မတော်(လေ)ကွပ်ကဲမှု အောက်ရှိ လေတပ်စခန်းဌာနချုပ် ၁၁ ခု နှင့် လေတပ်စခန်း သုံးခုတို့မှ စုစုပေါင်း ကိုယ်စားပြုအသင်း ၁၄ သင်းကို အုပ်စု နှစ်စုခွဲပြီး ဇူလိုင် ၇ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တောင်ကြီးမြို့ ပြည်နယ်အဆင့် ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲပြုလုပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး သတ်မှတ်နေရာတွင် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အဆင့် ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်း တွင် တောင်ကြီးမြို့ ကန်ကြီးရပ်ကွက် တောင်ကြီး-ဟိုပုံးသွား ကားလမ်းဘေး လွှိုင်ခမ်းအိမ်ရာ စီမံကိန်းအနီးရှိ တောင်ကြီး(ထင်းကြူးဝိုင်း)၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော် အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ ရှမ်းပြည် နယ်အစိုးရအဖွဲ့ဝင်များ၊ တောင်ကြီး တပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ သစ်တော ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ် အသီးသီးမှ ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က ပျိုးပင် များကို တက်ရောက်လာကြသူများအား ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ရတနာတန်းဝင်ပင်၊ စက်မှု ကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံး သီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှု များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၂**

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန် ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ ပထမနေ့ပွဲစဉ်များဖြစ်သည့် သုံးယောက်တွဲပြိုင်ပွဲတွင် အနောက်တောင် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) အသင်းနှင့် မအူပင်တပ်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှု များ၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် နယ်မြေခံ ထောက်ပံ့နှင့် ပို့ဆောင်ရေးအသင်းနှင့် ပုသိမ်တပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်နေ မှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်း ဖြင့် ဇွန် ၂၁ ရက်ထိ ကျင်းပပြုလုပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ် (၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၃၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဖိလစ်ပိုင်နိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုကြောင့် လူဦးရေ ၁၃၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း



**မနီလာ ဇွန် ၁၂**

ဖိလစ်ပိုင်နိုင်ငံ ဘီကိုလ်နယ်မြေ အယ်လ်ဘေးရိုင်ရှိ မေယွန်မီးတောင်သည် ဇွန် ၁၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားကာ မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင်သော ဒေသခံများကို အရေးပေါ် ဘေးလွတ်ရာရွှေ့ပြောင်းရန် ဖိလစ်ပိုင် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၃၀၀၀ ကျော်ထိရှိနေပြီဖြစ်ကြောင်း ဖိလစ်ပိုင် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မေယွန်မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်သည် ဇွန် ၁၁ ရက် ည ၈ နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး နာရီပိုင်းအတွင်း ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ မေယွန်မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံရှိ မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုအရှိဆုံးနှင့် ပေါက်ကွဲမှုဖြစ်စဉ် အများဆုံးဖြစ်ပွားသည့် မီးတောင်လည်းဖြစ်ကြောင်း သိရသည်။

“မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အနီးပတ်ဝန်းကျင်မှာ နေထိုင်တဲ့မိသားစုဝင်ပေါင်း ၁၃၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် ချော်ရည်ငွေ့တွေ နေရာအနှံ့ ရောက်ရှိနေတယ်။ ချော်ရည်ငွေ့တွေကြောင့် လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပေါ်နေပြီးတော့ လေထုညစ်ညမ်းမှုဟာ အဆိပ်သင့်စေတဲ့ပမာဏကို ရောက်နေပါတယ်။ အစိုးရအနေနဲ့လဲ ပြည်သူတွေ နေရာချထားပေးရေးအတွက် ဂရုတစိုက်ဆောင်ရွက်ပေးနေပါတယ်” ဟု အယ်လ်ဘေးစီရင်စု အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အက်စ်ကိုဘာက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒသိပ္ပံအင်စတီကျု(Phivolcs)၏ထုတ်ပြန်ချက်အရ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်မှ ကျောက်တုံး၊ ကျောက်ခဲများသည် မီတာ ၅၀၀ မှ မီတာ ၁၀၀၀ ထိပျံ့နှံ့ရောက်ရှိနေကြောင်း သိရသည်။

**ခိုင်းဆက်**

# ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**တိုကျို ဇွန် ၁၂**

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် ဇွန် ၁၁ ရက်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိသည့်မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဟော့ကိုင်းဒိုးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု UPI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြေငလျင်သည် မြေအောက်အနက် ၈၅ မိုင်အကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့သည့်အတွက် မြေငလျင်လှိုင်းမှာ ပြင်းထန်မှုမရှိသော်လည်း ဒေသခံများ အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း၊ မြေငလျင်လှိုင်းဖြတ်သန်းရောက်ရှိခဲ့သော နယ်မြေများမှာ အိုင်ရီကာရီနယ်မြေ၊ ရှီရီဘီရီနယ်မြေ၊ အီဘူရီနယ်မြေ၊ ဟိုင်ဒါကာနယ်မြေနှင့် တိုကာချီနယ်မြေတို့ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

“ဟော့ကိုင်းဒိုးကျွန်းမှာ ဇွန် ၁၀ ရက် ည ၆ နာရီ ၅၄ မိနစ်မှာ ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းတော့ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး။ ဒါပေမဲ့လဲ မြေငလျင်နောက်ဆက်တွဲ ပြဿနာတချို့တော့ရှိလာနိုင်တဲ့အတွက် သတိထား စောင့်ကြည့်သွားရမဲ့အခြေအနေဖြစ်ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ၈၅ မိုင်အကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်တဲ့အတွက် ကြီးကြီးမားမားပျက်စီးမှုတွေမရှိခဲ့တာပါ။ အစဉ်အလာအရတော့ ဒီလိုအားကောင်းတဲ့ မြေငလျင်လှုပ်ခတ်ပြီးရင် နောက်ထပ်မြေငလျင်လှုပ်ခတ်မှုတွေ ဖြစ်ပေါ်လေ့ရှိပါတယ်။ အတိတ်က ဖြစ်စဉ်တွေကို ပြန်ကြည့်မယ်ဆိုရင် အားကောင်းတဲ့ မြေငလျင်လှုပ်ခတ်ပြီးရင် နောက်ဆက်တွဲမြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့တာဟာ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းထိရှိပါတယ်” ဟု ဂျပန်မိုးလေဝသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်ပြင်းအားများခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်မရှိကြောင်း၊ သို့သော်လည်း မြေငလျင်နောက်ဆက်တွဲ အန္တရာယ်တချို့ဖြစ်ပေါ်လာနိုင်သည့်အတွက် သတိထား စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးခဲ့သည်။

**ခိုင်းဆက်**

# အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ရက်သတ္တပတ်အတွင်း လေထုညစ်ညမ်းမှုသုံးဆထိမြင့်တက်

**ကဘူးလ် ဇွန် ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် လေထုညစ်ညမ်းမှု လွန်ကဲစွာဖြစ်ပေါ်လျက်ရှိပြီး ရက်သတ္တပတ်အတွင်း လေထုညစ်ညမ်းမှု သုံးဆထိ မြင့်တက်လာကြောင်း အာဖဂန်နစ္စတန်အမျိုးသားသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီက ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု Hindustan Times သတင်းဌာနက ဇွန် ၁၁ ရက်တွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှု အဓိကဖြစ်ပွားရခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းကြောင့် အဓိကဖြစ်ပြီး အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသော်လည်း လုံလောက်သော စက်ကိရိယာများ မရှိခြင်းကြောင့် အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း၊ ကဘူးလ်မြို့တွင် လွန်ခဲ့သောရက်သတ္တပတ်ကျော်က PM 2.5 အမှုန်အမွှားညစ်ညမ်းမှု AQI ညွှန်းကိန်း ၃၈ ခန့်သာရှိခဲ့သော်လည်း ယခုသီတင်းပတ်အတွင်း ၁၃၀ ကျော်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ အေဂျင်စီက လေထုညစ်ညမ်းမှုနဲ့ ပတ်သက်ပြီး တိုင်းတာတဲ့စက်တွေရဲ့ သတင်းအချက်အလက်တွေကို စုစည်းကြည့်တဲ့အခါလေထုညစ်ညမ်းမှုဟာ အခုရက်သတ္တပတ်အတွင်း သုံးဆထိ မြင့်တက်လာတယ်”ဟု ဘာဆာအာမင်က ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုသည် အထူးသဖြင့် ကလေးများနှင့် သက်ကြီးရွယ်အိုများကြား ရောဂါဖြစ်ပွားမှုများ ပိုမိုတိုးမြင့်လာစေပြီး PM 2.5 ပါဝင်မှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့်ပမာဏထက်များစွာပိုနေကြောင်း အမျိုးသားသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ၏ စစ်ဆေးရေးအရာရှိ ဘာဆာအာမင်က ပြောကြားသည်။

လေထုညစ်ညမ်းမှုကို ဖြေရှင်းရန် မြို့ကြီးများတွင် စိမ်းလန်းသော ဇရိယာများဖန်တီးရန်နှင့် သစ်ပင်များ၊ နှစ်ရှည်ပင်များ အဓိကစိုက်ပျိုးပြီး ပတ်ဝန်းကျင်ရာသီဥတုကိုပြုပြင်သွားရန်လိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုကို ပြောင်းလဲစေသော ဓာတ်ငွေ့ထုတ်လွှတ်သည့် စီးပွားရေး လုပ်ငန်းများကိုလည်း ရပ်တန့်သွားရန် ကဘူးလ်မြို့ခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**AZH**



# အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်ရှိ ကမ်းခြေများတွင် ရေကူးခြင်း၊ ရေကစားခြင်းတို့ကို ရပ်ဆိုင်း

**နယူးဒေလီ ဇွန် ၁၂**

မုတ်သုံရာသီ စတင်ဝင်ရောက်လာပြီဖြစ်သဖြင့် အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်အတွင်းရှိ ကမ်းခြေများတွင် ရေကူးခြင်းနှင့် ရေကစားခြင်းတို့ကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ပြည်နယ်အစိုးရက တရားဝင်ခွင့်ပြုပေးထားသော ပုဂ္ဂလိကကယ်ဆယ်ရေးအေဂျင်စီ Drishti Marine က ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု The India Express သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရာသီဥတု ပြောင်းလဲမှုနှင့် မုတ်သုံမိုး ရွာသွန်းမှုများကြောင့် အန္တရာယ်ဖြစ်ပေါ်နိုင်သောအခြေအနေများမှရှောင်ရှားနိုင်ရန် ဂိုအာပြည်နယ်အတွင်းရှိ ကမ်းခြေအားလုံးတွင် ရေကူးခြင်းနှင့် ရေကစားခြင်းတို့ကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း Drishti Marine အေဂျင်စီက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

“မုတ်သုံရာသီဆိုရင် ဂိုအာကမ်းခြေတွေမှာ လှိုင်းလုံးကြီးတွေ ဖြစ်ပေါ်လေ့ရှိပြီး လှိုင်းနဲ့အတူ လူတွေမျောပါသေဆုံးမှုတွေ ဖြစ်ပေါ်ခဲ့ဖူးတဲ့အတွက် ပင်လယ်ထဲရေကူးခွင့်နဲ့ ကစားခွင့်တွေကို ရပ်ဆိုင်းထားတာဖြစ်ပါတယ်”ဟု Drishti Marine အေဂျင်စီ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ နာဗင်အဂါ့ဝါလ်က ပြောကြားခဲ့သည်။

ကမ်းခြေအားလုံးတွင် ရေကူးခြင်း၊ ရေကစားခြင်းတို့ကို တားမြစ်သည့် သတိပေးအမှတ်အသားများ စိုက်ထူထားမည်ဖြစ်ပြီး အေဂျင်စီမှ ဝန်ထမ်းများနှင့် စောင့်ကြည့်သွားမည့်အပြင် မတော်တဆပေါ်ပေါက်လာသော ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးအတွက် အေဂျင်စီဝန်ထမ်းများကိုလည်း လေ့ကျင့်မှုများပြုလုပ်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Drishti Marine အေဂျင်စီအနေဖြင့် ကမ်းခြေအနီးလာရောက်လည်ပတ်သူများအား ကမ်းရိုးတန်းတစ်လျှောက်ရှိ တောင်ကုန်းများ၊ ကျောက်ဆောင်များနှင့် ချောက်ကမ်းပါးများကို ရှောင်ရှားကြရန် ကြေညာချက်တွင် ထည့်သွင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဇွန် ၁၁ ရက်က အသက် ၂၂ နှစ်အရွယ် ခရီးသွားတစ်ဦးဓာတ်ပုံရိုက်စဉ် ကျောက်ဆောင်တစ်ခုပေါ်မှပြုတ်ကျသေဆုံးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ ယနေ့အချိန်ထိ အန္တရာယ်အမျိုးမျိုးကြောင့် လူ ၉၂ ဦးသေဆုံးခဲ့ပြီး လူ ၅၅၆၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**AZH**

# အီရန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ငါးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၄ ဦးထိရှိနေ

**တီဟီရန် ဇွန် ၁၂**

အီရန်နိုင်ငံတွင် ဇွန်လပထမပတ်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူငါးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၄ ဦးထိ ရှိနေကြောင်း အီရန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု NTL သတင်းဌာနက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသည့်စီရင်စုများအနက် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့် စီရင်စုများမှာ အက်ဖဟန်စီရင်စု၊ တီဟီရန်စီရင်စု၊ ဆမ်နန်စီရင်စု၊ ဇန်ဂျန်စီရင်စု၊ ကွက်ဇ်ဗင်စီရင်စုနှင့် အရှေ့အဇာဘိုင်ဂျန်စီရင်စုတို့ဖြစ်ကြောင်း အီရန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

သေဆုံးသူငါးဦးအနက် လေးဦးမှာ အက်ဖဟန်စီရင်စုမှဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူ ကိုးဦးရှိခဲ့ကြောင်း၊ နေအိမ် ၁၅ လုံး ပျက်စီးခဲ့ပြီး အိမ်မွေးတိရစ္ဆာန်အကောင်ရေ ရာနှင့်ချီ၍ သေဆုံးခဲ့ကြောင်း အက်ဖဟန်စီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တီဟီရန်စီရင်စုတွင်လည်း ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရပြီး ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅ ဦးရှိခဲ့ပြီး သေဆုံးသူ တစ်ဦးရှိခဲ့ကြောင်း၊ သစ်ပင်ကြီးများလဲကျမှုကြောင့် အခြေခံအဆောက်အအုံတချို့ပျက်စီးကာ လမ်းမကြီးများ ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည့်အတွက် ဆက်သွယ်သွားလာရေးခက်ခဲလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက အသက်ကယ်လှေများဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

အီရန်နိုင်ငံတွင် ပြီးခဲ့သော မေလကလည်း ဖာရှစ်စီရင်စုနှင့် ရှိုဇ်နစ်စီရင်စုတို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ လူလေးဦးသေဆုံးသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်ခန့်အကြာတွင် ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ထပ်မံရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း၌လည်း အီရန်နိုင်ငံတွင် ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၆၂ ဦးရှိခဲ့ပြီး အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် အီရန်အာဏာပိုင်အဖွဲ့အစည်းက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များပြင်ဆင်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**







## Jaguco Myanmar Int Co.,Ltd

### လူသုံးကုန်ဆေးနှင့် ဆေးဝါးဖြန့်ချိရေးလုပ်ငန်း

**ဝန်ထမ်းအလိုရှိသည်။**

1. တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
2. အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။
3. Sale & Marketing ကို စိတ်ပါဝင်စားသူဖြစ်ရမည်။
4. ဆိုင်ကယ်လိုင်စင်ရှိပြီး ဈေးကွက်သို့ သွား/လာနိုင်သူဖြစ်ရမည်။
5. နယ်သို့ ခရီးသွားလာနိုင်သူဖြစ်ရမည်။
6. ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

**CV Form** ကို **Viber** မှ **(30-06-2023)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်မေးမြန်းရန် Viber Phone No. 09-404060645 / 09-5108341**

*** အထက်ဖော်ပြပါဖုန်းနံပါတ်သို့သာ Viber မှတစ်ဆင့် CV Form များကို ပေးပို့လျှောက်ထားရန် ***

## ဝန်ထမ်းအလိုရှိသည်

1. ယာဉ်မောင်း(မြို့တွင်း) အမျိုးသား (၁) ဦး
2. ရောင်း/မောင်း (မြို့တွင်း)အမျိုးသား (၂) ဦး
3. ရောင်း/မောင်း (နယ်) အမျိုးသား (၄) ဦး
4. အရောင်းဝန်ထမ်း အမျိုးသား (၄) ဦး
5. စာရင်းကိုင် အမျိုးသား၊ အမျိုးသမီး (၁) ဦး
   (လချုပ်စာရင်း၊ အရှုံး/အမြတ်တွက်ထုတ်နိုင်ရမည်။)
6. နေ့စား/အထွေထွေဝန်ထမ်း အမျိုးသား (၃) ဦး

အမှတ်စဉ်*(1) (2) (3)*အတွက် ယာဉ်မောင်းလိုင်စင် သက်တမ်း (၃)နှစ်နှင့်အထက်ရှိရမည်။ အမှတ်စဉ်အားလုံးအတွက် စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်ရမည်။ အသောက်အစားကင်းရှင်းရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ *CV Form* နှင့်တကွ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
အိမ်နေ/အိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။

လိပ်စာ ➲ အမှတ် - *14*၊ ၈၅လမ်း၊ ၂၈ × ၂၉လမ်းကြား၊ မန္တလေးမြို့၊
၀၂-၄၀၆၅၅၄၀၊ ၀၉-၅၀၆၉၁၉၉

## ဝန်ထမ်းအလိုရှိသည်

**အိမ်အကူ - မ (၂)ဦး**

* နေစားငြိမ်းလုပ်နိုင်ရမည်။
* စက်ဘီး၊ ဆိုင်ကယ် ကျွမ်းကျင်စွာစီးနိုင်ရမည်။
* အောင်ပင်လယ်၊ မန္တလေးမြို့တွင် လုပ်နိုင်ရမည်။
ဖုန်း 09-797780219 09-776960223

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်မြို့သစ်(၁)ရပ်ကွက်၊ ၆၃လမ်း၊ ၁၀၃×၁၀၄လမ်းကြားနေ မခင်ထန်းဝင်း (ဘ) ဦးဇလန်ထန်းငါး (၁/မညန(နိုင်)၁၁၂၂၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-722783)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၆၀၅၆၉

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်နေ မနှင်းမိုးစိုးဇင် (ဘ) ဦးစိုင်းနိုစိုးဇင် (၉/အမရ(နိုင်)၀၈၈၁၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-098706)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၈၉၅၉၈၉

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ လေးရွာဆုကျေးရွာနေ မောင်ကျော်မင်းဆန်း (ဘ) ဦးခင်မောင်သန်း (၉/မခန(နိုင်)၂၁၅၉၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-654464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၈၇၆၀၁၉၇

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ(အရှေ့)၊ အကွက် (၁၇၃)၊ ၈၂လမ်း၊ ၂၄× ၂၅လမ်းကြားနေ ဒေါ်ခင်မေပိုင် (ဘ) ဦးခင်မောင်ဒွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/မနမ(နိုင်)၁၁၁၀၀၉ ကိုင်ဆောင်သူသည် ဦးထွန်းထွန်းဝင်း (ဘ) ဦးစိုင်းကျော် ၉/မနမ(နိုင်)၁၁၁၀၁၃ ကိုင်ဆောင်သူနှင့် သဘောထားခြင်း တိုက်ဆိုင်မှုမရှိခဲ့ကြပါသဖြင့် နှစ်ဦးခွဲခွာနေထိုင်ခဲ့သည်မှာ (၉)နှစ်ကျော်ရှိခဲ့ပါသည်။ သို့ဖြစ်၍ ၎င်းပြုလုပ်ခဲ့သမျှသော ကိစ္စအရပ်ရပ်များနှင့်ပတ်သက်၍ ကျွန်မ ဒေါ်ခင်မေပိုင် နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ခင်မေပိုင်**
**(ဘ) ဦးခင်မောင်ဒွေး**
**၉/မနမ(နိုင်)၁၁၁၀၀၉**
**ပြည်ကြီးကျက်သရေ(အရှေ့)အောင်မြေသာစံမြို့နယ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ နန်းအောင်မြေရပ်ကွက်၊ ၈၈×၈၉၊ ၃၇(A)ကြားနေ မောင်အောင်ခန့်ညား (ဘ) ဦးကျော်စိန်ဝင်း (၉/မဟမ(နိုင်)၀၃၉၅၉၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-858745)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၂၃၄၀၅

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

**ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ပြန်လည်ထူထောင်ရေးဦးစီးဌာန**
**အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကို တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်တစ်ခုတည်းနှင့် မပြည့်စုံဘဲ တိုင်းရင်းသားအားလုံးပေါင်းစည်းနေထိုင်ပြီး အခွင့်အရေးမျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ်တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂.၁၂.၂၀၂၂

## အကြမ်းဖက်သမားများကို ငှားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့်စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားဘဲ နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH၊ NUG နှင့် PDF အမည်ခံအဖွဲ့အစည်းအမျိုးမျိုး၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတို့က နိုင်ငံတစ်ဝန်းဖောက်ခွဲဖျက်ဆီးခြင်း၊နည်းမျိုးစုံဖြင့်သတ်ဖြတ်ခြင်း၊ ပုဂ္ဂိုလ်ရေးအငြိုးထားသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိပါသည်။ ၎င်းတို့ကို အလွယ်တကူခြေရာခံနိုင်ခြင်းမရှိစေရန်အတွက် အဆောင်များနှင့် နေအိမ်တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖြစ်စဉ်များအရ တွေ့ရှိရပါသည်။

ယင်းလုပ်ဆောင်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် အဆောင်၊ နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ငှားရမ်းသူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာရရှိမှုသာ ငှားရမ်းခြင်းနှင့် ယင်းအချက်အလက်အထောက်အထားများဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ညှိစာရင်းတိုင်ကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။အကြမ်းဖက်မှုကျူးလွန်သည့် ငှားရမ်းနေထိုင်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အခါ ငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို အမှုနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး စာမျက်နှာ ၂၁ ကော်လံ ၁☆

## တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံမုန်တိုင်းဒဏ်သင့်ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထောက်ပံ့ရေးပစ္စည်းများ ပထမအကြိမ်လှူဒါန်း



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai တို့ တာဝန်ရှိသူများနှင့်အတူ ရပေါင်းမှတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇွန် ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံမုန်တိုင်းဒဏ်သင့် ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသည့် Tianjin Air Cargo လေယာဉ်သည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။

ထို့နောက် ရောက်ရှိလာသည့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းခြင်းကို Air Side ၌ ပြုလုပ်ပြီး စာမျက်နှာ ၂၁ ကော်လံ ၁☐

**ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင်တွင် မြန်မာနိုင်ငံသားများ လိုက်ပါလာသော မော်တော်ယာဉ်တိမ်းမှောက်ခဲ့မှု သတင်းဖော်ပြမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်** စာမျက်နှာ - ၁၈

**မိုခါမုန်တိုင်း သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကျင်းပမည်** စာမျက်နှာ - ၂၄

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၁၆၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု